မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ရည်ရွယ်ပြီး နိုင်ငံခြားငွေ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို နေ့စဉ်ဘဏ် ဖွင့်ရက်များတွင် ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များအကြားနိုင်ငံခြား ငွေကြေးဈေးကွက် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံခြား ဘဏ်ခွဲများ ပါဝင်လာခြင်းဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ပကုန်သွယ်ရေးအခြေအနေ။** ပို့ကုန်တန်ဖိုးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ယာယီ) စာရင်းများအရ အမေရိကန် ဒေါ်လာ ၆,၆၂၅.၀ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ထက် အမေရိကန် ဒေါ်လာ ၉၃၁.၅ သန်း ပိုမို တင်ပို့ခဲ့ပါသည်။ သွင်းကုန်တန်ဖိုးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် (ယာယီ) စာရင်းများအရ အမေရိကန်ဒေါ်လာ ၉,၁၁၄.၈ သန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်ထက် အမေရိကန်ဒေါ်လာ ၁,၆၇၇.၃ သန်း ပိုမို တင်သွင်းခဲ့ပါသည်။


## ပုံ(၂-၅) ပို့ကုန် အကောင်အထည်ဖော်နိုင်မှု




ပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၄,၀၀၀.၀ သန်း ရရှိရန် ရည်မှန်းခဲ့ပြီး အမေရိကန် ဒေါ်လာ ၆,၆၂၅.၀ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၄၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ ဆန်၊ သတ္တုနှင့် သတ္တုရိုင်း၊ မတ်ပဲနှင့် ပဲတီစိမ်း တို့ဖြစ်ပြီး ပြည်ပ ပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန် နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ဖြစ်ပါသည်။

## ပုံ(၂-၆) သွင်းကုန်အကောင်အထည်ဖော်နိုင်မှု





သွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၀၀၀.၀ သန်း ရရှိရန်ရည်မှန်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၉,၁၁၄.၈ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၆၀.၈ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပါသည်။

အများဆုံးတင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ် နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများနှင့် ပလပ်စတစ် ကုန်ကြမ်းပစ္စည်း များဖြစ်ပြီး အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံ တို့ဖြစ်ကြပါသည်။


ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၂-၇) ကုန်သွယ်မှုပမာဏ




ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၂၉,၀၀၀.၀ သန်း ရရှိရန် ရည်မှန်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅,၇၃၉.၈ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ၅၄.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။

## ပုံ(၂- ၈) ကုန်သွယ်မှု ပိုငွေ/ လိုငွေ





ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆) လပတ် (ယာယီ) တွင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၆,၆၂၅.၀ သန်းနှင့်သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၉,၁၁၄.၈ သန်း ဆောင်ရွက်နိုင်ခဲ့ သဖြင့် ကုန်သွယ်မှုလိုငွေ ကျပ် ၂,၄၈၉.၈ သန်း ဖြစ်ပေါ် ခဲ့ပါသည်။

ယခင်နှစ် အလားတူ ကာလထက် အမေရိကန်ဒေါ်လာ ၇၄၅.၈ သန်း လိုငွေပိုမိုခဲ့ပါ သည်။


## ပုံ(၂-၉) ကုန်သွယ်ဘက်နိုင်ငံများ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ယာယီ)တွင် ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံ တို့ဖြစ် ပါသည်။

ပြည်ပသွင်းကုန် အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။


## ပုံ (၂-၁၀) ကုန်ပစ္စည်း အုပ်စုအလိုက် ပို့ကုန်အခြေအနေ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (ယာယီ)တွင် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၆၃၁.၁ သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၆၀၅.၂ သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိကန် ဒေါ်လာ ၁,၅၁၄.၂ သန်း၊ သတ္တုနှင့်တွင်းထွက် ပစ္စည်း အမေရိကန် ဒေါ်လာ ၅၄၅.၇ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၆၁.၄ သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန် ဒေါ်လာ ၁၁၅.၇ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၆.၅ သန်းနှင့် အခြားပစ္စည်း အမေရိကန်ဒေါ်လာ ၉၄၅.၂ သန်း တင်ပို့နိုင်ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၆,၆၂၅.၀ သန်း တင်ပို့ခဲ့ပါသည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၂-၁၁) ကုန်ပစ္စည်း အုပ်စုအလိုက် သွင်းကုန်အခြေအနေ




ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းကို အမေရိကန်ဒေါ်လာ ၆,၃၃၃.၁ သန်း ရည်မှန်းခဲ့ရာ အမေရိကန်ဒေါ်လာ ၃,၃၅၇.၃ သန်း တင်သွင်းခဲ့သဖြင့် ၅၃.၀ ရာခိုင်နှုန်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းကို အမေရိကန်ဒေါ်လာ ၅,၀၂၇.၃ သန်း ရည်မှန်းခဲ့ရာ အမေရိကန်ဒေါ်လာ ၃,၅၁၅.၃ သန်း တင်သွင်းခဲ့သဖြင့် ၆၉.၉ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၃,၆၃၉.၆ သန်း ရည်မှန်းခဲ့ရာ အမေရိကန်ဒေါ်လာ ၂,၂၄၂.၂ သန်း တင်သွင်းခဲ့သဖြင့် ၆၁.၆ ရာခိုင်နှုန်း စုစုပေါင်း သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅,၀၀၀.၀ သန်း ရည်မှန်းခဲ့ရာ ၉,၁၁၄.၈ သန်း ဆောင်ရွက်ခဲ့သဖြင့် ၆၀.၈ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၃.၃၈၈ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၇ သန်း ဖြစ်ရာ တစ်နှစ်အတွင်းလူဦးရေ ၀.၄၇ သန်းတိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၅.၆၅ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်း ဖြစ်ရာ ၀.၂၀ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၇.၇၄ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၄၇ သန်းဖြစ်ရာ ၀.၂၇ သန်းအသီးသီးတိုးတက်ခဲ့ပါသည်။ လူဦးရေ တိုးတက်မှုနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တို့တွင် ၀.၈၉ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၉ ဦး ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၂ ဦးဖြစ်ပါသည်။


**မြို့ပြလူဦးရေ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၅၆၀ သန်း ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၅.၇၆၃ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၃၅၇ သန်းရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၇.၆၂၅ သန်း ထိမြင့်တက်ခဲ့ပါသည်။

**အာဆီယံဒေသတွင်းနိုင်ငံများနှင့် လူဦးရေအရွယ်အစားနှိုင်းယှဉ်ချက်။** ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၂.၇ သန်း တွင် ၈.၃ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း) တို့တွင် အဆင့်(၅)နေရာတွင် ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏ နောက်တွင် ရှိနေပါသည်။

**အခြေခံအဆောက်အအုံဆိုင်ရာအသုံးပြုနိုင်မှု။** စီးပွားရေးအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဆောင်ရွက်ခဲ့သည့် အခြေခံ အဆောက် အဦများဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်း စသည်တို့အား တင်ပြအပ်ပါသည်။

**ပုံ(၂-၁၂) လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အား**





နိုင်ငံပိုင် လျှပ်စစ် ဓာတ်အားတပ်ဆင်ထားသည့် အင်အားအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၄၃၀ မဂ္ဂါဝပ်ရှိပြီး စီမံကိန်း ရည်မှန်းချက်အပေါ် ၈၇.၈ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တပ်ဆင် ထားသည့် အင်အား ၅,၃၉၇ မဂ္ဂါဝပ် ရှိသဖြင့် နှိုင်းယှဉ်ကြည့်ပါက တပ်ဆင်ထားသည့် အင်အား ၃၃ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**လျှပ်စစ်ဓာတ်အားသုံးစွဲမှု။** ပြည်တွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကီလိုဝပ်နာရီ ၁၀,၃၆၅.၁ သန်း ရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ

(၆) လပတ်နှင့် နှိုင်းယှဉ်လျှင် ကီလိုဝပ် နာရီ ၉၃၄.၇ သန်း တိုးတက်ခဲ့ပါသည်။ လျှပ်စစ်မီး ရရှိသော ကျေးရွာများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လ ပတ်တွင် ၃၁,၉၂၁ ရွာ ဖြစ် သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်နှင့် နှိုင်းယှဉ်လျှင် ၃၀၄ ရွာ ထပ်မံ မီးလင်း ခဲ့ပါသည်။

## ပုံ(၂-၁၃) လျှပ်စစ်ဓာတ်အားသုံးစွဲမှု





ပြည်တွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု အနေဖြင့် ပထမ (၆) လပတ်တွင် ၄၃.၈ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ မြစ်သာရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်၍ လည်ပတ်ပြီး ဓာတ်အားထုတ်လုပ် ဖြန့်ဖြူး ခြင်း၊ မွန်ပြည်နယ် မော်လမြိုင်တွင် ပုဂ္ဂလိကပိုင် (Myanmar Lighting) ရေနွေးငွေ့စက်ရုံလည်ပတ်၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရန်ကုန်တိုင်း ဒေသကြီး လှော်ကားစွန့်ပစ်အပူသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံကို အဆင့်မြှင့်တင် လည်ပတ်နိုင် ခြင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တီကျစ် ကျောက်မီးသွေးသုံးရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ အား အဆင့်မြှင့်တင်၍ ပြန်လည်လည်ပတ်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် အသစ်တပ်ဆင်သည့် အော်တိုတယ်လီဖုန်းလိုင်းမှာ ၂,၁၃၅ ဖြစ်ပါသည်။ မိုဘိုင်းဖုန်းအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်းမှတ်ပုံတင်ပြီး မိုဘိုင်းဖုန်းလိုင်းများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဆင်းကဒ် ၅၁.၆၉၈ သန်း ဖြစ်ပါသည်။


## ကျန်းမာရေးကဏ္ဍ

### ပုံ(၂-၁၄) ဆရာဝန်ဦးရေ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ကျန်းမာရေး စောင့်ရှောက်မှုများအား ကျေးလက်ဒေသအထိ ပြည်သူလူထု အားလုံး လွှမ်းခြုံနိုင်စေခြင်း၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ခြင်း၊ ရောဂါရှာဖွေကုသခြင်းနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပြည့်အဝ ပေးနိုင်ခြင်း၊ (၁၆) ခုတင်ဆံ့ တိုက်နယ် ဆေးရုံ အသစ် ၁၀ ရုံ ထပ်မံအသစ်တိုးချဲ့ ဆောက်လုပ်နိုင်ခဲ့ခြင်းနှင့် စုစုပေါင်းဆရာဝန် ဦးရေ ၁၆၉ ဦးကို တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။


### ပုံ(၂-၁၅) သူနာပြုဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတစ်ဝှမ်း လွှမ်းခြုံနိုင်စေရန်နှင့် ကျန်းမာရေးစနစ် အဆင့်ဆင့်အလိုက် ကျွမ်းကျင်ဝန်ထမ်းအင်အားကို လိုအပ်ချက်နှင့်အညီ မွေးထုတ်ဖြည့်တင်းပေးရန်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆ ခု အသစ်ထပ်မံ တိုးချဲ့ ဆောက်လုပ်နိုင်ခဲ့ခြင်းနှင့် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၃၇၉ ဦး တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။

## ပုံ(၂-၁၆) အခြေခံ ပညာကျောင်းများ အခြေအနေ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် အခြေခံပညာ ကျောင်းများအနေဖြင့် ကျောင်းအဆင့် မြှင့်တင်ခြင်း၊ ကျောင်းအသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် အန္တရာယ်ရှိကျောင်းများပြုပြင်ခြင်းတို့ကို အလေးထား ဆောင်ရွက်ခဲ့ပါသည်။


## ပုံ(၂-၁၇) အခြေခံပညာ ကျောင်းဆရာများ အခြေအနေ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် ကျောင်းသား၊ ဆရာ အချိုးမျှတရေးအတွက် လိုအပ်လျှက်ရှိသော ဆရာ၊ဆရာမများကို လုပ်ငန်းခွင်အကြို ဆရာအတတ်သင်သင်တန်းဆင်းဆရာများ၊ ပညာရေးတက္ကသိုလ်ဆင်းဆရာများဖြင့် ဖြည့်ဆည်းပေးခဲ့ပြီး၊ နေ့စားဆရာ၊ ဆရာမများကိုလည်း မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန


## ပုံ(၂-၁၈) အခြေခံပညာ ကျောင်းသားများ အခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ပြဌာန်းစာအုပ်များကို အခမဲ့ ထောက်ပံ့ပေးခြင်း၊ မူလတန်းကျောင်းသားများအား ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံထပ်မံ ပံ့ပိုးပေးခြင်း၊ ငွေကြေးကောက်ခံမှု မရှိခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် အခြေခံပညာသင်ကြားလိုမှုမြင့်တက်အောင် ဆောင်ရွက်ခဲ့ပါသည်။

## ပုံ(၂- ၁၉) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အခြေအနေ





ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် အဆင့်မြင့်ပညာကို ဒေသတွင်းအဆင်ပြေစွာ သင်ယူနိုင်ရေးအတွက် ဟားခါးကောလိပ်၊ ဟားခါးပညာရေးကောလိပ်၊ ကသာပညာရေးကောလိပ်နှင့် ကျိုင်းတုံပညာရေးကောလိပ်တို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တောင်ကုတ်ကောလိပ်ကိုလည်း တောင်ကုတ် ဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်နိုင်ခဲ့ပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ကမ္ဘာလှည့် ခရီးသည် ရောက်ရှိမှုမှာ ၂၂.၃၁ ရာခိုင်နှုန်းနှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ ၈.၄၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် နိုင်ငံသားများအနေဖြင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အခြေပြု၍ နိုင်ငံ အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးတို့ကို ဆောင်ရွက်ခြင်း၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိခံစားကြရန် ရည်ရွယ်၍ ခရီးသွားမှုပုံစံများ၊ ခရီးသွား လုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွားလာမှု လွယ်ကူစေရေး ဖြေလျှော့မှု ပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို အကောင် အထည်ဖော်ခြင်း၊ အစိုးရဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ပုံ(၂-၂၀) မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ




ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လာရောက်လည်ပတ်သော ပြည်ပခရီးသည်များမှ ဒေသခံ လူထုနှင့် ပိုမိုရင်းနှီး ခင်မင်စွာဆက်ဆံနိုင်ရေး၊ အပြန်အလှန် နားလည်မှု ပိုမိုရရှိရေးနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် လေးစားလိုက်နာရေး ဆောင်ရွက်နိုင်စေရန် လူထုအခြေပြု ခရီးသွား လုပ်ငန်းကို စနစ်တကျ စီမံဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်း ရေရှည် တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ခြင်းနှင့် ကိန်းဂဏန်း စာရင်းအင်း အချက်အလက်များ တိကျ မှန်ကန်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

*မှတ်ချက်- ကမ္ဘာလှည့်ခရီးသည်ဦးရေနှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေမှာ (ဧပြီလ မှ ဇူလိုင်လအထိ၊ ဩဂုတ်လ၊ စက်တင်ဘာလခန့်မှန်း) စာရင်းဖြစ်ပါသည်။

ဇယား(၂-၅)

မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ စုစုပေါင်း** | **ထောင်ပေါင်း** | **၅၂,၉၁၇** | **၅၃,၃၈၈** |
| ကျား | ထောင်ပေါင်း | ၂၅,၄၅၁ | ၂၅,၆၄၈ |
| မ | ထောင်ပေါင်း | ၂၇,၄၆၆ | ၂၇,၇၄၀ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၂ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၅၆၀ | ၁၅,၇၆၃ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၃၅၇ | ၃၇,၆၂၅ |
| လူဦးရေတိုးနှုန်း | % | ၀.၈၉ | ၀.၈၉ |
| လူဦးရေသိပ်သည်းမှု | တစ်စတုရန်း ကီလိုမီတာ | ၇၈.၂ | ၇၈.၉ |
| **အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှု**<br>**လျှပ်စစ်နှင့် စွမ်းအင်** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၁,၆၁၇ | ၃၁,၉၂၁ |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၉,၄၃၀.၄ | ၁၀,၃၆၅.၁ |
| ရေနံစိမ်းထုတ်လုပ်မှု | အမေရိကန် စည် (ထောင်) | ၂,၆၅၁.၁၃၄ | ၂,၆၃၅.၃၉၆ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ (သန်း ) | ၃၂၅,၇၂၇ | ၃၁၅,၀၄၆ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၁,၃၃၉ | ၂,၁၃၅ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၄၄,၄၁၈,၀၉၇* | ၅၁,၆၉၈,၀၀၀ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၄၄,၄၃၉,၃၉၁* | ၅၁,၆၉၈,၃၃၂ |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁ | ၁,၂၂၀ |
| ကုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃ | ၅၅,၀၀၄ |
| ဆရာဝန် | ဦးရေ | ၃၈,၀၂၆ | ၃၈,၁၉၅ |
| သူနာပြု | ဦးရေ | ၃၆,၂၅၁ | ၃၆,၆၃၀ |
| **ပညာရေး(အခြေခံပညာ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆ | ၄၆,၄၉၄ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၉,၀၇၂ | ၉,၂၀၁ |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၃,၉၁၄ | ၃၆၈,၇၇၀ |
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၇၃ | ၁၇၇ |
| ကျောင်းသား | ဦးရေ | ၈၉၆,၆၉၅ | ၉၂၀,၄၅၅ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၇၂၉ | ၂၆,၅၂၇ |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၁,၃၀၀,၂၈၇ | ၁,၅၉၀,၄၇၁ |

*၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်ထိ မှတ်ပုံတင်ပြီးစာရင်း ဖြစ်ပါသည်။

# အခန်း (၃)

# ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ


## ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**လယ်ယာကဏ္ဍ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၄,၇၅၁,၃၀၆.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၃,၄၂၄,၀၄၂.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းသီးနှံစိုက်ဧက ၅၂,၂၂၁,၅၁၀ ဧက စိုက်ပျိုးရန် လျာထားရာ ပထမ (၆) လပတ်တွင် ၃၄,၃၉၃,၉၄၉ ဧက၊ ၆၅.၉ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။

နွေစပါးစိုက်ပျိုးမှု၌ စိုက်ပျိုးချိန်တွင် ဆည်ရေကောင်းစွာရရှိခြင်း၊ ရိတ်သိမ်းချိန် အောင်ရေ လုံလောက်စွာရရှိခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကို အချိန်ကိုက် အချိုးကျ အသုံးပြုခြင်း ကြောင့် နွေစပါးအထွက်မှာ တင်းထောင်ပေါင်း ၂,၂၂၁ ပိုမိုထွက်ရှိခဲ့ပါသည်။

မိုးဦးကာလ၌ အောင်ရေလုံလောက်စွာရရှိခြင်း၊ အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုး ခြင်း၊ ဓာတ်မြေဩဇာကို စနစ်တကျ အချိန်ကိုက် အချိုးကျသုံးစွဲခြင်း၊ ပိုးမွှားရောဂါ စနစ်တကျ ကာကွယ်နှိမ်နင်းနည်းစနစ်များကို ပညာပေးဆောင်ရွက်မှုအား ထိရောက်စွာလိုက်နာ ဆောင်ရွက် ခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို လိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် နှံစားပြောင်း တင်းထောင်ပေါင်း ၂,၀၄၄၊ မိုးမြေပဲတင်းထောင်ပေါင်း ၈,၃၃၁၊ ချက်ကြံရင့် တန်ထောင်ပေါင်း ၃,၉၄၆၊ ကြက်သွန်နီ(မိုး)ပိဿာထောင်ပေါင်း ၃,၃၇၂၊ ချည်မျှင်ရှည်ဝါ ပိဿာထောင်ပေါင်း ၁၇,၄၁၅၊ ငရုတ်စို(မိုး)ပိဿာထောင်ပေါင်း ၁,၀၇၂ ပိုမိုထွက်ရှိခဲ့ပါသည်။ ဆီအုန်းစိုက်ပျိုးမှုတွင် ယခင်နှစ်အပင်ငယ်များ ယခုနှစ်တွင် စတင်အသီးသီးသဖြင့် သီးခိုင်ပိဿာထောင်ပေါင်း ၆၁,၀၀၆ ပိုမိုထွက်ရှိခဲ့ပါသည်။


ကြက်ပေါင်စေးစိုက်ပျိုးမှုတွင် ဈေးအနည်းငယ်တက်လာသဖြင့် တောင်သူများမှ စိတ်ဝင် စားမှုရှိလာပြီး အပင်များကိုစနစ်တကျပြုစုခြင်း၊ အစေးလှီးရာတွင်လည်း အလေအလွင့် နည်းပါး အောင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းတို့ကြောင့် ကြက်ပေါင် စေး ပေါင်ထောင်ပေါင်း ၃,၃၈၈ ပိုမိုထွက်ရှိခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကိုပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၃-၃)

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၏ အကောင်အထည်ဖော်နိုင်မှု တိုးတက်ခဲ့ပါသည်။

ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုသည် တောင်သူများ စိတ်ဝင်စားကြသဖြင့် ပိုမိုစိုက်ပျိုးလာကြခြင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကြက်ပေါင်စေး၊ ကွမ်းသီး၊ အုန်းသီး၊ ငရုတ်စို(မိုး)နှင့် ကွမ်းရွက်တို့သည် ရေမြေသဘာဝအပေါ် အထွက်တိုးတက်မှုရှိအောင် စိုက်ပျိုးခဲ့ခြင်းတို့ကြောင့် ပိုမိုထွက်ရှိခဲ့ပါသည်။

ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် လက်ဖက်ထုတ်လုပ်မှု၌ အပင်ပျိုများမှ မိုးရေလုံလောက်စွာရရှိခြင်းနှင့် ဈေးကောင်းရရှိ၍ ပိုမိုစိုက်ပျိုးလာခြင်းတို့ကြောင့် အထွက်ပိုမိုခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ် ၉ ခုတို့တွင် ယခင်နှစ် ပထမ(၆)လပတ်ထက် လျော့နည်းအကောင်အထည်ဖော်ခဲ့ပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် မိုးများသဖြင့် ဖူးစားပြောင်းအထွက်ကျဆင်းခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နှမ်းစပါးနှင့် နှမ်းနှမ်းများမိုးကြီးသဖြင့် အထွက်နှုန်းကျဆင်းခြင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အုန်းသီး၊ ငှက်ပျော အစရှိသည့်သီးနှံများ ရာသီဥတု အခြေအနေကြောင့် အထွက်ကျဆင်းခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ကွမ်းသီး၊ ကွမ်းရွက်များမှာ ရာသီဥတုဆိုးရွားသဖြင့် အထွက်နှုန်း ကျဆင်းခဲ့ရခြင်းတို့ကြောင့်ဖြစ်ပါသည်။

**မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးခြင်း**

စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူများ စိုက်ပျိုးထုတ်လုပ်ရာ၌ အထွက်တိုးစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ရေမြေဒေသနှင့် ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်းမျိုးစေ့များ ထုတ်လုပ်လျက်ရှိရာ မျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများအသင်း (SGA) မှ စပါး(RS-CS) ဧက ၃,၉၀၀ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကုမ္ပဏီအဖွဲ့အစည်းများ၊ အကျိုးဆောင်တောင်သူများနှင့်မျိုးသန့်ထုတ်လုပ်ခြင်းကို အစေ့ထုတ်ပြောင်း ဧက ၂၀၀၊ မိုးမြေပဲ ဧက ၄၂၈၊ မိုးနှမ်းဧက ၃,၉၈၉၊ မိုးနေကြာ ဧက၂၈ ၊ ပဲမျိုးစုံ ဧက ၂,၅၁၆ ဆောင်ရွက်ခဲ့ပါသည်။

ဆီအုန်းမျိုးစေ့ထုတ်လုပ်ခြင်းအတွက် နိုင်ငံပိုင်ခြံများမှ မျိုးစေ့ဖောက် ထုတ်လုပ်သော ဆီအုန်းအစို့ပေါက်စေ့ ၆,၀၀၀ အား မော်လမြိုင်တွင် ဆီအုန်းစမ်းသပ်ကွက် ၉၈.၅၁ ဧက အား ဆောင်ရွက်လျက်ရှိပြီး ဆီအုန်းမျိုးစေ့ခြံများမှ ဆီအုန်းစပ်မျိုးစေ့ ၃၀,၀၀၀ ထုတ်လုပ်၍ ဌာနပိုင်

ဆီအုန်းခြံများသို့ ဖြန့်ဝေသုတေသနပြုစိုက်ပျိုးရန်နှင့် အမျှင်ခြစ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။

**အခြားဆောင်ရွက်ချက်များ**

သုတေသနစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းအနေဖြင့် စပါးသီးနှံသုတေသန စမ်းသပ်ကွက်ကိုလည်းကောင်း၊ မျိုးမွေးမြူခြင်း၊ ရွေးချယ်ခြင်း၊ စိုက်စနစ်စမ်းသပ်ခြင်း၊ ဘိုင်အို Soil စမ်းသပ်ကွက်ကိုလည်းကောင်း၊ စပါးသိုလှောင်ချိန် ကြွက်ကြောင့် အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး သုတေသနပြုလုပ်ခြင်း၊ စနစ်တကျ ကြွက်ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း၊ ဆီထွက်သီးနှံဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း၊ အစေ့ထုတ်ပြောင်း သီးနှံဆိုင်ရာ စမ်းသပ်ကွက်ကိုလည်းကောင်း ပြုလုပ်နိုင်ခဲ့ပါသည်။

တောင်သူတစ်ဦးချင်းစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လုပ်ကွက်ဧရိယာစာရင်းများ (ပုံစံ-၇) ဆောင်ရွက်ပြီးစီးမှုမှာ ဦးပိုင်လုပ်ကွက်ပေါင်း ၉,၆၅၈,၀၈၄ ကွက် အတွက် တောင်သူပေါင်း ၅,၉၀၇,၀၅၅ ဦး၊ ဧရိယာ ၂၄,၇၅၃,၁၀၉ ဧက အားဆောင်ရွက်နိုင်ခဲ့ပါသည်။

စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းအနေဖြင့် စာချုပ်စာတမ်းအရေအတွက် ၂၆,၅၉၅ ခု မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး တံဆိပ်ခေါင်းတန်ဖိုး ၁,၁၇၄,၆၇၇,၉၃၆ ကျပ်နှင့် မှတ်ပုံတင်ခရငွေ ၅၆၉,၇၄၅,၃၆၂ ကျပ် တို့ကို နိုင်ငံတော်ဘဏ္ဍာ ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆည်စီမံကိန်းများအနေဖြင့် ကြီးအုံကြီး၀ ရေလှောင်တမံ ပင်မရေပိုလွှဲအကြီးစား ပြုပြင်ခြင်း၊ မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲပြုပြင်ခြင်း၊ ပေါင်းလောင်းရေလှောင်တမံ ရေလွှဲဆည် ၉၅.၈၁ ရာခိုင်နှုန်း၊ ကညင်ရေလှောင်တမံ ရေသောက်လုပ်ငန်း ၉၅.၈၆ ရာခိုင်နှုန်း၊ အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်း ၂၀.၀၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ရေဘေးကာကွယ်မှုအနေဖြင့် ရေဘေးကာကွယ်ရေးတာများနှင့် ရေငန်တားတာ ၁၈၃ ခု တည်ဆောက်ပြုပြင်ခြင်း၊ ချောင်းကောမြောင်းကော ရေနုတ်မြောင်း ၆၁၀ ခု အား တူးဖော်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေသုံးစက်ရေတွင်းအား ပြည်ထောင်စုနယ်မြေတွင် ၁ တွင်းနှင့် ရှမ်းပြည်နယ်တွင် ၄ တွင်း တူးဖော်နိုင်ခဲ့ပြီး အကျိုးပြုဧက ၅၅ ဧက အား ရေပေးဝေနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာ

ကူးပြောင်းခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားအင်အားအသုံးပြုမှုကို လျှော့ချနိုင်ခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုကို အချိန်မီဆောင်ရွက်နိုင်သဖြင့် လုပ်ငန်းပြီးစီးမှုမြန်ဆန်ကာ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ပြီး လယ်ယာထုတ်လုပ်မှု စွမ်းအားတိုးတက်စေနိုင်မည်ဖြစ်ပါသည်။ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေသည့်အပြင် အရည်အသွေးကောင်း လယ်ယာထွက်ကုန်များ ရရှိစေပြီး ဈေးကောင်းရကာ တောင်သူဝင်ငွေ တိုးတက်ရရှိစေနိုင်ပါသည်။ မလိုလားအပ်သော ကုန်ကျစရိတ်များ လျှော့ချနိုင်သဖြင့် ထုတ်လုပ်မှုစရိတ်ကို လျော့ကျစေနိုင်သည့်အပြင် ကျေးလက်နေတောင်သူလယ်သမားများ၏ အသိအမြင်ကြွယ်ဝ၍ တွေးခေါ်မှုမြင့်မားလာစေခြင်း အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။

မြန်မာနိုင်ငံအချို့ဒေသများတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်းတို့ကြောင့် စိုက်ဧက ၇၉၉,၂၂၇ ရေကြီးနစ်မြုပ်၍ စိုက်ဧက ၂၇၃,၇၆၇ ဧက ပျက်စီးခဲ့ပြီး ၂၃,၂၆၅ ဧက ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း**

သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို စိုက်ပျိုးထုတ်လုပ်သူတောင်သူများသို့ ထုတ်ချေးသည့်သီးနှံများအနက် စပါးသီးနှံကို တစ်ဧကလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်ပြီး၊ အတိုးနှုန်း အနည်းငယ်ဖြင့် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ တောင်သူများအသုံးပြုရန် လိုအပ်သည့်စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် ဖွံ့ဖြိုးရေးချေးငွေအဖြစ် လည်းကောင်း၊ အထူးစီမံချက် ချေးငွေများအဖြစ်လည်းကောင်း နှစ်တိုချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် ၁,၅၇၉,၇၃၆.၆၀ သန်း ထုတ်ချေးပေးခဲ့ပါသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူများ လယ်ယာသုံး စက်ကိရိယာများကို စနစ်တကျအသုံးပြုဆောင်ရွက်နိုင်ရန် နည်းပညာပံ့ပိုးသည့် သင်တန်းများအား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသင့်ခြင်း၊ ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မျိုး၊ စိုက်ပျိုးနည်းစနစ်၊ သီးနှံပုံစံများကို သုတေသနပြုဖော်ထုတ်၍ တောင်သူများထံ ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။


**သားငါးကဏ္ဍ။** သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူများ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ဦးတည်ဆောင်ရွက် လျက်ရှိပါသည်။ ဥပဒေများနှင့်အညီ ရေချို၊ ရေငန်ငါး ဖမ်းဆီးထုတ်လုပ်မှုများ စနစ်တကျ ရှိစေရေးဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာ၊ သားငါးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး တို့အတွက် စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ တည်ထောင်ရေး၊ တောင်သူလယ်သမား အစုအဖွဲ့ များ၊ မွေးမြူသူအစုအဖွဲ့များ၊ ရေရယူအသုံးချသူ အစုအဖွဲ့များနှင့် သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး မြေယာများကို စနစ်တကျ ဖော်ထုတ် အသုံးချခြင်းနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများ (Land Consolidation and Land Use Management) ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့အတွက် မူဝါဒများ ချမှတ်ဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၈၇၀,၈၀၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန် ဈေးနှုန်းများအရ** ၃.၄ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၀၅၀,၃၁၂.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၃.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၀.၃ ရာခိုင်နှုန်းလျော့နည်းခဲ့ပါသည်။

ယခင်နှစ်များတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုများကြောင့် တိရစ္ဆာန်များ၊ ငါး/ပုစွန်ကန်များနှင့် ရေလုပ်ငန်းသုံး ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဇရိယာ သတ်မှတ်ခြင်းအပေါ် ကမ်းဝေးငါးဖမ်း ရေယာဉ်များအနေဖြင့် ယခင်နှစ် ၄၀ ရာခိုင်နှုန်း ထွက်ခွင့်ပြုရာမှ ယခုနှစ်တွင် ၃၀ရာခိုင်နှုန်းသာ ထွက်ခွင့်ပြုခြင်း၊ မိုးဦးကာလများတွင် ရာသီဥတုဆိုးရွားမှုကြောင့် ကမ်းနီးငါးဖမ်းလှေများ ရပ်နားထားရခြင်းကြောင့် ရေငန် ငါး၊ပုစွန်ထုတ်လုပ်မှု လျော့နည်းလာပါသည်။ ထို့အပြင် အစာဈေးနှုန်းမြင့်၍ ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်းနှင့် ရောင်းတန်းဝင် ငါးအရွယ်အစားကိုသာ ထုတ်လုပ်ရောင်းချခြင်းတို့ကြောင့် မွေးမြူရေးငါး ထုတ်လုပ်မှု လျော့နည်းရခြင်းဖြစ်ပါသည်။ သားငါးကဏ္ဍထုတ်လုပ်မှု အများဆုံးဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုများကြောင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့၍ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ပုလဲထုတ်လုပ်မှုမှာလည်း ဝတ်ဆံမမြဲသော မုတ်ကောင်များအနက်မှ ကျန်းမာရေးမကောင်းသော မုတ်ကောင်များအား ခွဲသတ်ပြုလုပ်ရခြင်း၊ ရေသေမုတ်ကောင် နည်းပါးခဲ့သည့်အတွက် ပုလဲ၊ မုတ်ခွံထုတ်လုပ်မှုများ လျော့နည်းရခြင်းဖြစ်ပါသည်။

အစီရင်ခံသည့်ကာလတွင်အသားထုတ်လုပ်မှုစုစုပေါင်း ပိဿာ ၉၆၃.၈ သန်း၊ ဥထုတ်လုပ်မှု စုစုပေါင်း လုံးရေ ၆,၃၁၈.၁ သန်း၊ ငါး၊ ပုစွန်ထုတ်လုပ်မှု စုစုပေါင်း ပိဿာ ၁,၅၂၄.၃ သန်းနှင့် ပုလဲထုတ်လုပ်မှု မိုမီထောင်ပေါင်း ၁၂၅.၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။

သားငါးထွက်ပစ္စည်းများအား နိုင်ငံခြားတင်ပို့မှုတွင် တိရစ္ဆာန်ထွက်ပစ္စည်း ၈,၁၇၁.၈၁၆ တန် နှင့် ဆိတ်အရှင် ၆၀,၀၀၀ ကောင်ကို တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၈.၈၄ သန်း၊ ရေထွက်ပစ္စည်း မက်ထရစ်တန် ၁၆၂,၅၄၀ တင်ပို့နိုင်သဖြင့် အမေရိကန် ဒေါ်လာ ၂၃၁.၁၄၈ သန်း ရရှိခဲ့ပါသည်။ ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်း များကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာ ရေချိုပုစွန်၊ ရေချိုငါး၊ ရေငန်ပုစွန်၊ ရေငန်ငါး၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်နှင့်အခြား စုစုပေါင်း ၅၄,၅၈၀.၈၈ တန်ကို အရည်အသွေး စစ်ဆေးပေး နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသ တိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြ တိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြ ဆိတ်မွေးမြူရေးခြံ၊ ရေစကြိုဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူစံပြဝက်မွေးမြူရေးခြံ၊ ရေတာရှည် စံပြဝက်မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့် နွား၊ ဆိတ်၊ ဝက်၊ ကျွဲများမွေးမြူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥစားကြက်ကောင်ရေ ၂၀.၅၂၄ သန်း၊ အသားစားကြက်ကောင်ရေ ၁၉.၈၇၂ သန်း မွေးမြူခဲ့ပါသည်။

ကူးစက်ရောဂါ ကာကွယ် ဆေးအမျိုးမျိုး ထုတ်လုပ်ခြင်းတွင် အဆ ၆၀၃.၅၃ သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ ၁၂.၄၄ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၀၃၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၂၃,၉၈၁၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ ၁၀၉,၅၄၂ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့်ပြန့်ပွားရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်တို့မှ မျိုးရည်ခဲချောင်း အဆ ၃၀.၁၈၇ သန်းအား ထုတ်လုပ်ခဲ့ပါသည်။ မျိုးရည်ခဲချောင်းများ ထိန်းသိမ်းထားသိုနိုင်ရန်အတွက် နိုက်ထရိုဂျင် အရည်လီတာ ၃၅.၈၄၁ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသားပေါက် ထုတ်လုပ်မှုတွင် ကောင်ရေ ၄,၇၇၄.၅ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၃,၈၁၇.၂ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်း အင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်ရေ ၉၅၇.၃ သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျေးလက်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁,၅၀၀ အား ငွေကျပ် ၄၅.၀၀ ဘီလီယံဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားရာ ပထမ(၆)လပတ်တွင် ကျေးရွာ ၁,၀၃၅ ရွာအား ငွေကျပ် ၃၁.၀၅ ဘီလီယံ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ရေနံချောင်းမြို့နယ်တွင် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်မြန်မာနိုင်ငံ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးစီမံချက်နှင့် တိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု လျှော့ချရေးစီမံချက် (သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး စီမံကိန်း) စသည့် စီမံချက်များ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူအသားစားမွေးမြူရေး စံပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဝက်မွေးမြူရေးပုံစံမျိုးကွဲများရှိ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါများ စူးစမ်းလေ့လာရန်နှင့်

ထိန်းချုပ်ရန်အတွက် ဘက်စုံပါဝင်သော စီမံခန့်ခွဲမှုအခြေပြုစီမံကိန်း၊ တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြင့်မားရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးစီမံကိန်း၊ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်မှု တိုးတက်ရေး စီမံကိန်း၊ မြန်မာနိုင်ငံ ကြို့တင်ခန့်မှန်းခြင်းစီမံကိန်း၊ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် အတတ်ပညာပိုင်း ဆိုင်ရာ အကူအညီပေးရေးစီမံကိန်း၊ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါ ထိန်းချုပ်ရေး အထောက် အကူပြု လုပ်ငန်းများဖြစ်သည့် ခွေးရူးရောဂါစူးစမ်းလေ့လာခြင်းနှင့် ဓာတ်ခွဲခန်းစွမ်းရည်များ တိုးတက်စေရေးစီမံကိန်း၊ မြန်မာနိုင်ငံကျေးလက်ဒေသ၏ ဇီဝမျိုးကွဲစုံလင်သော သစ်တော နေရာများတွင် နေထိုင်လျက်ရှိသော သီးသန့်လူ့အဖွဲ့အစည်းများအခြေပြု တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါပျံ့နှံ့ခြင်း လေ့လာရေးစီမံကိန်း စသည့် စီမံကိန်းများနှင့် စီမံချက်များအား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။


အသားကဏ္ဍမူဝါဒများ၊ စီမံကိန်းများကို အောင်မြင်စွာရေးဆွဲနိုင်ရန် တိရစ္ဆာန်ဦးရေ အခြေခံကိန်းဂဏန်းများ မှန်ကန်ရေးသည် လွန်စွာအရေးပါသဖြင့် ၂၀၁၈ ခုနှစ်တွင် ရှေ့ပြေး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများအနက် လတ်တလောဖြစ်ပွားသော အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါကို လူသို့ကူးစက်နိုင်ခြင်းမရှိစေရန် ဆောလျင်စွာကာကွယ် ထိန်းချုပ် နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၃-၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးသည် ၃၇.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိက စီးပွားဖြစ်မွေးမြူသူများမှ အသား၊ ဥ၊ ကျွဲနို့ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်သော်လည်း နိုင်ငံပိုင်၊ သမဝါယမပိုင်မှ မွေးမြူထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ မွေးမြူရေးအစာဈေးနှုန်းမြင့်၍ ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်း၊ ရောင်းတန်းဝင်ငါးအရွယ်အစားကိုသာ ထုတ်လုပ်ရောင်းချလာခြင်း၊ မွေးမြူရေးပုစွန် ထုတ်လုပ်ရာတွင်လည်း သိပ္ပံနည်းကျမွေးမြူထုတ်လုပ်ခြင်းမဟုတ်ဘဲ သမရိုးကျနည်းဖြင့်သာ သားပေါက် စုဆောင်းမွေးမြူ ထုတ်လုပ်ခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် ၄၅.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက လျော့နည်းခဲ့ပါသည်။ ငါးထုတ်လုပ်မှုတွင် အင်းများ၊ ချောင်းများမှ ငါးအမိများလာခြင်း၊ ဘုံငါးဖမ်းကွက်များမှ ငါးကြီးငါးကောင်းများ အထိအမိများလာခြင်းနှင့် ရေငန်ငါးဖမ်းဆီးရရှိမှု ပိုမိုလာခြင်းကြောင့် ငါး၊ ပုစွန် ထုတ်လုပ်မှုများ တိုးတက်လာသော်လည်း အသားထုတ်လုပ်မှုတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ရေထွက်ပစ္စည်း ထုတ်လုပ်မှုတွင် ၄၀ ရာခိုင်နှုန်းကျော်၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုတွင် ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ထို့ကြောင့် လာမည့်ပွင့်လင်းရာသီတွင် ပိုမိုအကောင်အထည် ဖော်နိုင်မည်ဖြစ်သဖြင့် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အား ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။


**သစ်တောကဏ္ဍ။** နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသော သစ်တောသယံဇာတအရင်းအမြစ်များနှင့် သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့ရေး၊ ရာသီဥတုညီညွတ်မျှတရေးတို့ကိုရရှိစေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဖော်ဆောင်သွားနိုင်ရန်အတွက် သစ်တောကဏ္ဍအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီစေရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇၂,၆၇၄.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၇)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၈)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၂၀,၉၆၄.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၈.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၂၅.၁ ရာခိုင်နှုန်းလျော့နည်းခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို (၁)နှစ် ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြန်လည်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။မြန်မာ့သစ်လုပ်ငန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ထွက်သစ်စာရင်းတွင် ဖော်ပြနိုင်ခြင်းမရှိသော်လည်း လက်ကျန်ရောက်သစ်များကို ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်း၊ သစ်မာ၊ ကျွန်းနှင့် သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျောနှင့် အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ် အစရှိသည်တို့ကို ဒေသတွင်းသုံးစွဲမှုအခြေအနေအရ ထုတ်လုပ်ခဲ့ပါသည်။

**သစ်တောသယံဇာတထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျွန်းစိုရိုက်မှတ်ခြင်း ၁၀,၆၂၀ ပင်၊ သစ်မာပင်ထောင် ရိုက်မှတ်ခြင်း ၁၆၉,၆၅၅ ပင်၊ ပဝတ္တိမျိုးဆက်ခြင်း ဧက၂၀,၃၀၀၊ ပေါင်းသင်ရှင်းလင်းခြင်း ၁၃,၄၅၅ ဧက၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၁၅ စတုရန်းမိုင်နှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၁၃,၆၆၀ ဧကတို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

စီးပွားရေးစိုက်ခင်း ၁၄,၉၇၀ ဧက၊ ကျေးရွာသုံး စိုက်ခင်း ၁,၈၈၈ ဧက၊ ဒီရေတောစိုက်ခင်း ၃,၀၈၀ ဧကနှင့် ရေဝေရေလဲစိုက်ခင်း ၂,၉၀၀ ဧက၊ တောင်တန်းဒေသစိုက်ခင်း ၁,၀၀၀ ဧကတို့ကို တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပြီး၊ မိုးရာသီလူထု ပျိုးပင်ဖြန့်ဝေခြင်းလုပ်ငန်းတွင် ပျိုးပင်ပေါင်း ၉.၈ သန်း ကိုဖြန့်ဝေနိုင်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၁,၆၂၅ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၄,၄၅၀ ဧက တို့ကိုလည်း စိုက်ပျိုး တည်ထောင်ခွင့်ပြုနိုင်ခဲ့ပါသည်။

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ခင်းတည်ထောင်ခြင်း ၃,၈၈၉ ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ၄၁,၀၀၀ ဧက၊ ထင်းအစား အခြားလောင်စာတိုးမြှင့် အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း ၂၆,၃၇၈ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၂,၃၅၉,၆၉၆ တုံးနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၈၄,၈၈၈ တန် တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် ၁၅ ကန်၊ မြေအောက်ရေတွင်း ၂ တွင်း၊ နှန်းတားဆည်ငယ် ၁၂၅ ခု နှင့် မိုးရေစုကန် ၃ ကန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒမူဘောင်၊ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ၏အစိမ်းရောင်စီးပွားရေးမူဝါဒ၊ မဟာဗျူဟာမူဘောင်တို့ကိုနိုင်ငံတကာအဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့်ရေးဆွဲခဲ့ပြီး အတည်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။


ထို့အပြင် ဒုတိယအကြိမ် မြန်မာနိုင်ငံဆိုင်ရာအမျိုးသားအဆင့် ဆက်သွယ်မှုအစီရင်ခံစာရေးဆွဲပြုစုရေးစီမံကိန်းကိုလည်းကောင်း၊ အမျိုးသားအဆင့်နှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာရေးဆွဲခြင်းစီမံကိန်းကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်းရှိအထူးစီးပွားရေးဇုန်များ၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအထိ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (EIA) အတွက် ကနဦးသဘောထား ၉၇ စောင် ပြန်ကြားခဲ့ပြီး ၁၂ စောင် အတည်ပြုနိုင်ခဲ့ပါသည်။ ထို့အပြင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အတွက် ကနဦးသဘောထား ၁၄၄ စောင် ပြန်ကြားခဲ့ပြီး ၂၀ စောင် ကိုအတည်ပြုနိုင်ခဲ့ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အတွက်လည်း ကနဦးသဘောထား ၁,၀၂၄ စောင် ပြန်ကြားခဲ့ပြီး ၄၉ စောင် အတည်ပြုပြန်ကြားနိုင်ခဲ့ပါသည်။

## ပုံ(၃-၉ )

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍအနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေများတွင် တိုးတက်ခဲ့ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂.၉၂ ရာခိုင်နှုန်း(FRA-2015) ရှိပါသည်။ မြန်မာ့သစ်တောများ အဓွန့်ရှည်ကြာစွာ တည်တံ့စေရန်နှင့် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများကို ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံစီးပွားရေး၏ အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် ကျွန်းနှင့်သစ်မာစိုက်ပျိုးထုတ်လုပ်ခြင်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် မှစ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးတည်ထောင်ထုတ်လုပ်

ရောင်းချခွင့်ပြုလျက်ရှိရာ ကျွန်းနှင့်သစ်မာမျှော၊ ကျွန်းနှင့်သစ်မာတိုင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ သစ်ထုတ်လုပ်နိုင်သည့် ကာလအပိုင်းအခြားရောက်ရှိပါက စက်မှုကဏ္ဍနှင့် ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်ကုန်ကြမ်းများကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအရ သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်း လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနတို့ ပူးတွဲစီမံအုပ်ချုပ်ခြင်း (Joint Forest Management-JFM) ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** စီးပွားရေး၊ လူမှုရေး ဘက်စုံတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်သည်လည်း တိုးမြင့်လာပါသည်။ စွမ်းအင်သုံးစွဲရာတွင် ပိုမိုထိရောက်မှုရှိပြီး Energy Efficiency မြင့်မားလာအောင်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှုကျဆင်းနှုန်း အနည်းဆုံးဖြစ်စေရေးကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၀၄၄,၁၄၅.၇ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်-

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၀) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၁) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စွမ်းအင်ကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်လိုက်ဈေးနှုန်းများအရ** ကျပ် ၁,၅၈၉,၄၁၄.၂သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကုန်းတွင်းပိုင်းသဘာဝဓာတ်ငွေ့ ထွက်ရှိမှုများပြားလာခြင်း၊ လုပ်ငန်းသဘောသဘာဝအရ မိုးရာသီတွင် ရေနံစိမ်းများ ပိုမိုထွက်ရှိလာသဖြင့် ပုဂ္ဂလိကရေနံစိမ်းများ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

ဘူမိဗေဒ ကွင်းဆင်းလေ့လာရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး-စကုမြို့နယ်၊ ထောက်ရှာပင်-ကမ်းနီဒေသတွင် ဧရိယာ ၁၂ စတုရန်းမိုင်အတွင်း တိုင်းတာခဲ့ပါသည်။ ဘူမိရူပဗေဒ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၁၄၆.၃၅ တိုင်းတာပြီးစီးခဲ့ပါသည်။

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင် လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၂၇ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၇ ခု နှင့် အကျိုးတူပူးပေါင်း ကုမ္ပဏီ ၁၁ ခု ၊ စုစုပေါင်းကုမ္ပဏီ ၂၈ ခု၊ ကမ်းလွန်လုပ်ကွက် ၃၆ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၇ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၄ ခု စုစုပေါင်း ကုမ္ပဏီ ၃၁ ခုတို့မှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝဓာတ်ငွေ့ရေနံမြေ၊ ရဲတံခွန် သဘာဝ ဓာတ်ငွေ့ရေနံမြေနှင့် ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေ ၁၉၆,၈၇၁ သန်းရောင်းချခဲ့ ပါသည်။ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုဗပေ ၅၂,၂၈၅ သန်း ရောင်းချခဲ့ပါသည်။ ရတနာသဘာဝဓာတ်ငွေ့မြေ၊ ဇောတိကသဘာဝ ဓာတ်ငွေ့ရေနံမြေနှင့် ရွှေသဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၅၉,၇၃၃ သန်း ပို့လွှတ်ခဲ့ပါသည်။ မန်းရေနံမြေ၊ ရေနံချောင်းရေနံမြေ နှင့် ချောက်ရေနံမြေတို့တွင် ရေနံစုတ်ပန့်လဲခြင်း၊ ရေနံသဲကြောများအား တိုးချဲ့သေနတ်ဖောက်ခြင်း၊ ပေနက်တိုးချဲ့တူးဖော် ခြင်း၊ တွင်းဟောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အကဲဖြတ်အခြေအနေတွင်ရှိသော ပြည်သစ်(၁) တွင်းတူးဖော်စဉ် အနက် ၃,၅၄၂ မီတာ တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနေသည့် သဲကြောကိုတွေ့ရှိခဲ့ပါသည်။ စမ်းသပ်ချက်အရ သဘာဝ ဓာတ်ငွေ့ တစ်နေ့လျှင် ပျမ်းမျှ ၅၀ ကုဗပေသန်းနှုန်း ထုတ်ယူရရှိနိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ ပါသည်။ ကမ်းလွန်လုပ်ကွက်အမှတ် A-6 အကဲဖြတ်တွင်း ပြည်သစ်(၁)မှ သဘာဝဓာတ်ငွေ့ တွေ့ရှိမှုကို ၇-၈-၂၀၁၇ ရက်နေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန် ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၁၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများမှအပ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပုဂ္ဂလိကရေနံစိမ်းများ ပိုမိုထွက်ရှိလာခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့များ ပိုမိုထွက်ရှိလာသဖြင့် ဘူးသွင်းသဘာဝဓာတ်ငွေ့များ ပိုမိုထုတ်လုပ်လာနိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့်တွင်းထွက်ပစ္စည်းများ တူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြင့် ရေရှည် အစဉ်အဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် သတ္တုသိုက်များ ပြုန်းတီးမှုမရှိရန် နိုင်ငံတော်မှ အလေးထားဆောင်ရွက် လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇၁၂,၆၆၈.၁ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၃) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ (၃-၁၄) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ပထမ(၆)လပတ်ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်းများအရ** ကျပ် ၄၂၀,၀၁၇.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၈.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါ သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ဝန်းကျင်ဒေသတွင် Mineral Database နှင့် ပကတိမြေပြင်အခြေအနေဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊ ငဖဲမြို့နယ်နှင့် မင်းတုန်းမြို့နယ် ဝန်းကျင်ဒေသများတွင် Mineral Database ကောက်ယူခြင်းနှင့် ကျောက်မီးသွေးဖြစ်ထွန်းမှု လေ့လာခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်သား မြို့နယ် အရှေ့ခြမ်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွာငံမြို့နယ်၊ အနောက်မြောက်ဘက်ခြမ်း ဒေသများတွင် Mineral Database ကောက်ယူခြင်းနှင့် ဓာတ်သတ္တုဖြစ်ထွန်းမှု လေ့လာခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်နှင့် ရေဦးမြို့နယ် ဝန်းကျင်ဒေသများတွင် ဒေသန္တရ ဘူမိဗေဒမြေပုံများရေးဆွဲခြင်းနှင့် ပဏာမအဆင့် ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင် ဝန်းကျင်ဒေသတွင် ဂရက်ဖိုက်၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကျောက်တော်ရွာဝန်းကျင်ဒေသ၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ခင်ဦးမြို့နယ်၊ သင်ပေါင်းကျေးရွာအုပ်စု၊ ခိုတောင်ချောင်းဝန်းကျင်ဒေသနှင့် ကန့်ဘလူ မြို့နယ်၊ မဲဇာတော - မလယ်ကျေးရွာ ဝန်းကျင်ဒေသတို့တွင် ကျောက်မီးသွေးရှာဖွေ စမ်းသပ် တိုင်းတာရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်အသစ် လုပ်ကွက် ၂ ကွက်၊ လက်လုပ် လက်စား ခွင့်ပြုမိန့်အသစ် လုပ်ကွက် ၄ ကွက်၊ အသေးစားခွင့်ပြုမိန့်အသစ် လုပ်ကွက် ၂၁ ကွက်နှင့် သက်တမ်းတိုး ခွင့်ပြုမိန့် လုပ်ကွက် ၂၂၁ ကွက် တို့အား ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။

ဓာတ်သတ္တုခွန်နှင့် ခွဲဝေမှုအချိုးများကို လစဉ်တွက်ချက်၍ တောင်းခံခြင်း၊ သတ္တုအခွန် အခများ ပေးသွင်းစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ အသေးစားရွှေ သတ္တု လုပ်ကွက်များကို စာချုပ်မချုပ်မီ ကြိုတင်ပေးသွင်းစနစ်နှင့် အကြီးစားရွှေလုပ်ကွက်များ၊ ခဲမဖြူ/ အဖြိုက်နက် လုပ်ကွက်များကိုလည်း လစဉ်ပေးသွင်းရန် သတ်မှတ်ထားပြီး ပေးသွင်းခြင်းမရှိ ပါ က လုပ်ကွက်ပိတ်သိမ်းရေး သတိပေးအမိန့်ထုတ်၍ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် ရင်းနှီးမြှုပ်နှံသူတို့ အကျိုးတူစနစ်ဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိသော ကျောက်စိမ်းရတနာနယ်မြေတွင် အကျိုးတူကုမ္ပဏီ ၁၆၂ ခု၊

ကျောက်မျက်ရတနာနယ်မြေတွင် အကျိုးတူကုမ္ပဏီ ၉ ခုတို့မှ တူးဖော်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခဲ့ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက် အရောင်းအဝယ်ပြုလုပ်သည့် အချောထည်များကို ရတနာခွန်ပေးဆောင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး Gems Trading Centre (GTC) များကို မန္တလေး၊ မြစ်ကြီးနား၊ ရန်ကုန်၊ နေပြည်တော်နှင့် မိုးကုတ်မြို့တို့တွင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)နှင့် ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်) တို့တွင် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ အချောထည်ဈေး နှင့် ရွှေဈေး ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ရေး အတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်သတ္တုတူးဖော်သည့် ကုမ္ပဏီများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)အား ရေးဆွဲတင်ပြစေကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အတည်ပြုချက်ရယူပြီး လုပ်ကွက်သက်တမ်းတိုး ခွင့်ပြုပေးလျက်ရှိပါသည်။ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် EIA, SIA, EMP များကို စနစ်တကျရေးဆွဲ ဆောင်ရွက်နိုင်ရန် နိုင်ငံခြားသား ပညာရှင်များဖြင့် သင်တန်းပေးခြင်း၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေ ဇုန် ၁၀ ခု အတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် Environmental Management Plan (EMP) ရေးဆွဲပြီး အစီရင်ခံစာကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်သတ္တုလေလွင့်မှုနှင့် ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရန် စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ခြင်း၊ သက်တမ်းတိုးခြင်း၊ သတ္တုတွင်းများ ပိတ်သိမ်းခြင်း အဆင့်ဆင့်တွင် ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် ဌာနပေါင်းစုံပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ ဖွဲ့စည်း၍ ကွင်းဆင်း စစ်ဆေးခြင်း၊ သတ္တုတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ခဲ၊ ဆိုင်ယာနိုက်၊ ပြဒါးအဆိပ်အန္တရာယ်တို့ကို သိရှိနားလည်စေရန်အတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

**ပုံ (၃-၁၅)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခင်နှစ်ထက် ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှ ကျောက်စိမ်းများ အရိုင်းအပုန်မြင့် တူးဖော်ထုတ်လုပ်နိုင်ခြင်း၊ ကယားပြည်နယ်တွင် မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်ရှီးလိုက်ရောရာထုတ်လုပ်မှု ပိုမိုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုဂ္ဂလိကကျောက်မီးသွေး လုပ်ကွက်အသစ်တစ်ခု စတင်ထုတ်လုပ်ခြင်း၊ ကျောက်စိမ်း ထွက်ရှိမှုများသည့် ကျောက်ကြောလွှာသို့ရောက်ရှိခြင်း၊ ကြေးနီသတ္တုစင်တွင် သတ္တုရိုင်း၌ ကြေးနီပါဝင်မှုများခြင်း၊ တနင်္သာရီတိုင်း

ဒေသကြီး ထားဝယ်၊ မြိတ်တို့ရှိ ခဲမဖြူ၊ အဖြိုက်နက်ရောရာထုတ်လုပ်မှုတွင် အဖြိုက်နက် သတ္တုသားပါဝင်မှုများခြင်း၊ မကွေးတိုင်းဒေသကြီးတွင် ကျောက်မီးသွေး လုပ်ကွက်သစ် ထုတ်လုပ်မှုတိုးတက်ခြင်း၊ ခရိုမီယမ်သတ္တု အထွက်များခြင်း၊ မွန်ပြည်နယ်တွင် ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်း၊ ထုံးကျောက်၊ ဒေသလိပ်သဲကျောက် တိုးမြှင့် ထုတ်လုပ်ခြင်း၊ ရှမ်းပြည်နယ်တွင် ကျောက်မီးသွေးလုပ်ကွက်သစ်တစ်ခု စတင်ထုတ်လုပ်ခြင်း၊ သီပေါမြို့နယ်၊ မန်ကောင်းဒေသ လုပ်ကွက်သစ်များမှ ဂေါဒန်ကျောက် ထုတ်လုပ်ခြင်း၊ ရွှေထုတ်လုပ်မှုပိုမိုခြင်း၊ နေပြည်တော် ကောင်စီနယ်မြေတွင် ထုံးကျောက်လုပ်ကွက်များမှ ပိုမိုတိုးမြှင့်ဆောင်ရွက် နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ချေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်လုပ်ငန်းများ အဖြစ်ပြောင်းလဲဆောင်ရွက်ခြင်း၊ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမှ တန်ဖိုးမြင့်ကုန်စည်၊ သွင်းကုန်အစားထိုးကုန်စည်နှင့် ပို့ကုန်ဦးစားပေးကုန်စည်များ ထုတ်လုပ်နိုင်ရေး အားပေးမှုများဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၁,၈၁၅,၅၂၆.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ( ၃-၁၆) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၇) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၉၅၂,၅၆၉.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၉.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် အဓိကအားဖြင့် စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံအချို့ ရပ်ဆိုင်းထားသော်လည်း အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းအောက်ရှိ အထည်စက်ရုံများ၏ ထုတ်လုပ်မှုများ၊ မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့သဖြင့် နိုင်ငံပိုင်အခန်းထုတ်လုပ်မှုမှာ အနည်းငယ်သာ ပြောင်းလဲမှု ရှိခဲ့ပါသည်။

နိုင်ငံပိုင်အခန်းရှိ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သည့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ အနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်၍ အများပြည်သူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အသွေး ပြည့်ဝသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ စက်ရုံများအဆင့်မြင့်တင်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ငှားရမ်းစက်ရုံများ၊ ဖက်စပ်နှင့် အကျိုးတူပူးပေါင်းစက်ရုံများ၏ ထုတ်လုပ်မှုများသည် နိုင်ငံပိုင်အခန်းမှ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသော စက်ရုံများထက် လျာထားချက်အပေါ် ပိုမိုဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ လက်ရှိ ရပ်ဆိုင်းထားသည့် စက်ရုံများအနက် အချို့ကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အသုံးစရိတ်ကို လျော့ချနိုင်သည့်အပြင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတွင် ရာခိုင်နှုန်း အတိုင်းအတာတစ်ခုအနေဖြင့် ပါဝင်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဘိလပ်မြေ၊ ယူရီးယားဓာတ်မြေဩဇာ ကဲ့သို့သော ကုန်ထုတ်လုပ်ငန်းများသည်လည်း သွင်းကုန်အစားထိုး လုပ်ငန်းများ အနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုများတွင် အဓိကဦးဆောင်ပါဝင်နေသော အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ကုန်ထုတ်စွမ်းအား တိုးမြှင့်နိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စွန့်ဦးတီထွင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စက်မှုဝန်ကြီးဌာနမှ ကူညီပံ့ပိုး ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေး မူဝါဒတစ်ရပ်ဖြစ်သည့် "လယ်ယာ-စက်မှုကဏ္ဍ ချိန်ခွင်လျှာညီ သည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်"အတွက် လယ်ယာအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ လယ်ယာထွက်ကုန် များဖြစ်သည့် သရက်သီးမှ တန်ဘိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရန်အတွက် ကချင် ပြည်နယ် မြစ်ကြီးနားမြို့တွင်လည်းကောင်း၊ အုန်းသီးမှ တန်ဖိုးမြှင့်လက်မှုနည်းပညာ လူသုံးကုန် ပစ္စည်း/ စားသောက်ကုန်နှင့် အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်လာနိုင်စေရန်အတွက် ရန်ကုန်မြို့

တွင် လုပ်ငန်းရှင်များအားလည်းကောင်း သင်တန်းများ ပြုလုပ်ပေးခဲ့ပါသည်။ ထို့ပြင် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာစေခြင်းဖြင့် ဝင်ငွေရရှိလာနိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်အထိ တင်ပို့ရောင်းချနိုင်စေရန် ရည်ရွယ်၍ ဇေဒါပင်မှ တန်ဖိုးမြှင့် လက်မှု နည်းပညာ လူသုံးကုန်ပစ္စည်း ပြုလုပ်လာနိုင်စေရန်အတွက် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်ပေး ခဲ့ပါသည်။

ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရန်နှင့် တီထွင်ဆန်းသစ်ထုတ်လုပ်နိုင်မည့် အတွေးအခေါ် ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ပဲခူးတိုင်းဒေသကြီး၊ ဒီးကုန်းမြို့တို့၌ သင်တန်းများဖွင့်လှစ်၍ Innovation Idea Platform တည်ဆောက်ပေးခဲ့ပါသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းဆိုင်ရာ Business Plan များ ကောင်းမွန်စွာ ရေးဆွဲနိုင်စေရန် အတွက် နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ စီးပွားရေးစတင် လုပ်ကိုင်လိုသူများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို စနစ်တကျ လည်ပတ်နိုင်စေရန်အတွက် ရန်ကုန် မြို့တွင်လည်းကောင်း သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့ပြင် SMEs ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေပေးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့၊ တပ်မတော်ခန်းမတွင် ကုန်စည်ပြပွဲများအား ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်း၍ နိုင်ငံတော်မှ ဦးဆောင်မှုပေးလျက်ရှိပါသည်။ ထို့ပြင် UMFCCI အောက်ရှိ အဖွဲ့အစည်းများနှင့် စီးပွားရေးပညာရှင်များ တွေ့ဆုံဆွေးနွေးမှုကို လစဉ် ဆောင်ရွက်ပေးလျက် ရှိပါသည်။

SMEs လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သာ အရင်းအနှီးချေးငွေ ရရှိရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဌာနသည် မြန်မာ့အာမခံလုပ်ငန်း၊ ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPO-RATION (SMBC)၊ သမဝါယမဘဏ်(CB Bank) တို့နှင့် ပူးပေါင်း ပြီး Credit Guarantee Insurance (CGI)စနစ်ကို အသုံးပြု၍ သမဝါယမဘဏ်မှ တစ်ဆင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး /ပြည်နယ်(၉) ခု မှ စုစုပေါင်း လုပ်ငန်းရှင် ၁၈၇ ဦး တို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ချေးငွေကျပ် ၉၇၃.၅ သန်း ကို ထုတ်ချေးပေးခဲ့ပါသည်။ စုစုပေါင်းလုပ်ငန်းရှင် ၁၃၄ ဦး သို့ ကျပ်သန်း ၁,၃၆၀ ကို CGI စနစ်ဖြင့် ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ပထမ(၆)လပတ်တွင် ကမ္ဘောဇဘဏ်မှလည်း လုပ်ငန်းရှင် ၄ ဦး အတွက် ကျပ် ၂၉၅ သန်း နှင့် အသေးစားနှင့်

အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (SMIDB) မှ လုပ်ငန်းရှင် ၂ ဦး အတွက် ကျပ်သန်း ၃၀ တို့ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါ သည်။

Japan နိုင်ငံ၊ JICA ၏ Two Step Loan အစီအစဉ်အရ ပထမ (၆) လပတ်တွင် တတိယအကြိမ် ချေးငွေ ကျပ် ၁၆.၀၇၆ ဘီလီယံကို SMEs လုပ်ငန်းရှင် ၈၃ ဦးအား ရွေးချယ်ထားသော ပုဂ္ဂလိကဘဏ် ၆ ခုမှ တစ်ဆင့် ထုတ်ချေးပေးခဲ့ပါသည်။

ဂျာမနီနိုင်ငံ အခြေစိုက် KfW Development Bank နှင့် သမဝါယမဘဏ်(CB Bank)တို့ ပူးပေါင်းပြီး ပြည်တွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင် တစ်ဦးလျှင် ကျပ် သိန်းတစ်ထောင်အထိ ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ၄၅ မြို့နယ်အတွင်းရှိ SMEs လုပ်ငန်းများအား စာရင်းကောက်ယူပြီး SMEs Smart Card ထုတ်ပေး၍ ရန်ကုန်မြို့တော်ဘဏ်မှ ချေးငွေထုတ်ချေးနိုင်ရေးကို တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စာရင်းများအရ တိုင်းဒေသကြီး/ ပြည်နယ် အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၁၈)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ထုတ်ကုန်များအနက် ဆန်၊ ဆီ၊ ချုပ်ပြီးထည်၊ ဘိလပ်မြေ ထုတ်လုပ်မှုများတိုးတက်ခဲ့ပါသည်။ နိုင်ငံခြားတင်ပို့မှုများအနက် ချုပ်ပြီးထည်နှင့် အခြားစက်မှုကုန်ချောပစ္စည်းများ တိုးတက်တင်ပို့နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ လယ်ယာထွက်သီးနှံ ကြိတ်ခွဲထုတ်လုပ်မှုတွင် ပိုမိုတိုးတက်ခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ထုတ်လုပ်မှုများ ပိုမိုတိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ အကြီးစားလုပ်ငန်း ၆,၉၁၁ ခု၊ အလတ်စားလုပ်ငန်း ၁၀,၁၄၀ ခု၊ အငယ်စားလုပ်ငန်း ၄၁,၁၉၀ ခု၊ စုစုပေါင်းလုပ်ငန်း ၅၈,၂၄၁ ခု တို့မှာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင် အကြီးစားလုပ်ငန်း ၂,၈၅၇ ခု၊ အလတ်စားလုပ်ငန်း ၂,၁၄၃ ခု၊ အငယ်စားလုပ်ငန်း ၁,၉၆၂ ခု၊ စုစုပေါင်းလုပ်ငန်း ၆,၉၆၂ ခု တို့မှာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးသည် အရေးပါသည့်အချက်ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်များရှိ အကြီးစားစက်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှုများအတွက် လိုအပ်သောအစိတ်အပိုင်းများကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့် supporting Industry များ တည်ထောင်နိုင်ပါက အလုပ်အကိုင် အခွင့်အလမ်းများ၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ သို့မှသာ စက်မှုဇုန် များ၏ ထုတ်လုပ်မှုများသည် ပြည်တွင်းစားသုံးကုန်စည် ထုတ်လုပ်မှုများသာမက သွင်းကုန် အစားထိုးကုန်စည် ပိုမိုထုတ်လုပ်လာနိုင်ခြင်း ထိုမှတစ်ဆင့် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ညီညွတ်သည့် စက်မှုပို့ကုန်အမယ်အသစ်များပါ ပိုမိုတိုးချဲ့ ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စက်မှုဇုန်များပိုမိုဖွံ့ဖြိုးလာစေရေး၊ ခွင့်ပြုပြီး စက်မှုဇုန်မြေကွက်များတွင် စက်ရုံများ အမှန်တကယ် ပေါ်ထွန်းလာရေးနှင့် ထိုစက်ရုံများအတွက် လိုအပ်သည့် စက်မှုလုပ်သားများ ရရှိရေးတို့အတွက် နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍ ဦးဆောင်မှုပေးရန် လိုအပ်မည်ဖြစ်ပါသည်။


**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို မြို့ကြီးများသာမက ကျေးလက်ဒေသများ အထိဖြန့်ဖြူးပေးနိုင်ရန်နှင့် စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်နိုင်ရန်အတွက်ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၂၅၃,၄၇၁.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၉) အကောင်အထည်ဖေါ်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ပထမ (၆) လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆၀၅,၃၆၀.၄သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၈.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျေးရွာအလိုက် မီးလင်းမှုအနေဖြင့် နိုင်ငံပိုင်ဓာတ်အားလိုင်းအပြင် အခြားဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့

(Bio gas/ Bio mass)၊ လေအားတို့ဖြင့် စုစုပေါင်း ၃၁,၉၂၁ ရွာမီးလင်းခဲ့ပြီး နိုင်ငံအတွင်း ကျေးရွာအလိုက် မီးလင်းမှုမှာ ၅၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ပထမ (၆) လပတ်တွင် ၁၉၃ ရွာ ထပ်မံ မီးလင်းရန် ဆောင်ရွက်ခဲ့ပါသည်။

မြစ်သာ ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံအား ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်၍ လည်ပတ်ပြီး ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုဂ္ဂလိကပိုင် (Myanmar Lighting) ရေနွေးငွေ့စက်ရုံ လည်ပတ်၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကားစွန့်ပစ်အပူသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို အဆင့်မြှင့်တင် လည်ပတ်နိုင်ခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံအား အဆင့်မြှင့်တင်၍ ပြန်လည်လည်ပတ်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးတက်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း လိုအပ်လျက်ရှိသော ဓာတ်အားများ ရရှိနိုင်ရန်ဒေသအလိုက် အောက်ပါ အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည် -

- ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ ဓာတ်အားပေးစက်ရုံအတွင်း JV, BOT စနစ်ဖြင့် (၁၀၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းကို UREC ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့်၊
- မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် IPP, BOT စနစ်ဖြင့် (၂၂၅) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို Sembcorp ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ၈၆.၄ ရာခိုင်နှုန်းခန့်၊
- မွန်ပြည်နယ် သထုံဒေသတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် နိုင်ငံပိုင် (၁၁၈.၉) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို CEEC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် အသီးသီးပြီးစီးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အထိ နိုင်ငံပိုင်အခန်း၌ အကြီးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံ ၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေး စက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့ အား ဓာတ်အားပေးစက်ရုံ ၁၁ ရုံ တို့မှ စုစုပေါင်း ၅,၄၃၀ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ

၈,၆၁၅.၂ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ်ဓာတ်အားလိုင်း ၁,၄၆၁ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၅၈,၁၆၀ မိုင် အထိသွယ်တန်းနိုင်ခဲ့ပါ သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အထိ ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော အလယ်ပေါင်းလောင်း ၊ ရွှေလီ(၃) ၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူဌေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်းတို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ် အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၃-၂၁)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် (၅၀၀) ကေဗွီမဟာ ဓာတ်အားလိုင်း စီမံကိန်းကို ဆက်လက်တည်ဆောက် လျက်ရှိသည့်အပြင် (၂၃၀) ကေဗွီ ဓာတ်အားလိုင်း၂ လိုင်း၊ (၆၆) ကေဗွီ ဓာတ်အားလိုင်း ၁၀ လိုင်း ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက် လျက် ရှိပါသည်။

(၂၃၀) ကေဗွီ ပင်မဓာတ်အားခွဲရုံများကို ကလေး၊ မြဝတီ၊ ဂန့်ဂေါ၊ ကျိုက်လတ်၊ သီလဝါ၊ နမ့်စန်၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ ဗန်းမော် တို့တွင် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ထို့အပြင် (၆၆)ကေဗွီဓာတ်အားခွဲရုံများကို ကျောက်ဖြူ၊ တောင်ကုတ်၊ ကျေးသီး၊ မိုင်းရှူး၊ မင်းတပ်၊ မင်းပြား၊ ပေါက်(သရက်တော)၊ ဆော၊ ထီးလင်း၊ ငွ တို့တွင်ဆောင်ရွက်ခဲ့ပြီး မင်းကင်း၊ ကော့ကရိတ်၊ မဒဲ၊ ဖားကန့်၊ ငွေဆောင်၊ ငရုတ်ကောင်း(တောင်)၊ ကလေးဝ၊ သံဖြူဇရပ်၊ နမ့်ဖက်ကာ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်းတော၊ ငါန်းဇွန်း နှင့် မော်လိုက်တို့တွင် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ အမျိုးသားဝင်ငွေတိုးတက်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေး အစီအစဉ်များကို ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေး မူဝါဒများ၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာမူဝါဒများကို အခြေခံကျင့်သုံး၍ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လာ နိုင်ရန် လိုအပ်သောအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်များ ပြည့်ဝစေရန် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါသည်။


**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်မှုကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီလမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သော မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းနိုင်မည့် မြို့ပြကွန်ယက်စနစ်အဖြစ် ဖြစ်ထွန်းလာစေရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၉၁၇,၀၁၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၃)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆောက်လုပ်မှုကဏ္ဍ၏ ပထမ(၆)လပတ် ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၄၅၈,၀၂၄.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် ဆောက်လုပ်မှုကဏ္ဍအနေဖြင့် နိုင်ငံပိုင်အခန်းတွင် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များ ချိတ်ဆက်လျက်ရှိသည့် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မင်းဘူး-အမ်းလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းများနှင့် ကယားပြည်နယ်တွင် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ချင်း ပြည်နယ်တွင် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ စစ်ကိုင်း တိုင်းဒေသကြီးတွင် ရေဦး-ကလေးဝလမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦး-စစ်တောင်းလမ်း၊ မွန်ပြည်နယ်တွင် တရနာ-ဘုရားကုန်းလမ်း၊ ရခိုင်ပြည်နယ်တွင် ရန်ကုန်-ကျောက်ဖြူလမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းများအား ဖောက်လုပ်ခြင်း၊ တိုးတက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပထမ(၆)လပတ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ခဲ့ရာ ကချင်ပြည်နယ်တွင် ကတ္တရာလမ်း ၁ မိုင်၊ ကယားပြည်နယ်တွင် ကျောက်လမ်း ၃ မိုင်၊ မြေလမ်း ၂၂ မိုင်၊ ကရင်ပြည်နယ်တွင် ကတ္တရာလမ်း ၁၇ မိုင်၊ ကျောက်လမ်း ၁ မိုင်၊ မြေလမ်း ၇၁ မိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျောက်လမ်း ၁၃ မိုင်၊ မြေလမ်း ၄၄ မိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် ကျောက်လမ်း ၅ မိုင်၊ မကွေးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၂ မိုင်၊ ကျောက်လမ်း ၁ မိုင်၊ မြေလမ်း ၄၅ မိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၄ မိုင်၊ ကျောက်လမ်း ၁၂ မိုင်၊ မြေလမ်း ၈ မိုင်၊ မွန်ပြည်နယ်တွင် ကတ္တရာလမ်း ၈ မိုင်၊ ကျောက်လမ်း ၅ မိုင်၊ မြေလမ်း ၈ မိုင်၊ ရခိုင်ပြည်နယ်တွင် ကွန်ကရစ်လမ်း ၇ မိုင်၊ ကျောက်လမ်း ၈ မိုင်၊ မြေလမ်း ၂၉ မိုင်၊ ရှမ်းပြည်နယ်တွင် ကတ္တရာလမ်း ၃၃ မိုင်၊ ကျောက်လမ်း ၁၂၇ မိုင်၊ မြေလမ်း ၁၄၈ မိုင်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၁ မိုင်၊ မြေလမ်း ၂ မိုင်၊ နေပြည်တော်ကောင်စီနယ်မြေတွင် မြေလမ်း ၁ မိုင်၊ စုစုပေါင်း ကွန်ကရစ်လမ်း ၇ မိုင်၊ ကတ္တရာလမ်း ၆၆ မိုင်၊ ကျောက်လမ်း ၁၇၅ မိုင်နှင့် မြေသားလမ်း ၃၇၈ မိုင်အသီးသီး ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ပထမ(၆)လပတ် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများအနက် စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၂ စင်း၊ မွန်ပြည်နယ်တွင် တံတား ၁ စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၂ စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား ၁ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၄ စင်းနှင့် လုပ်ငန်းစီမံကိန်းသစ်များအနေဖြင့် ကချင်ပြည်နယ်တွင် တံတား ၉ စင်း၊ ကရင်ပြည်နယ်တွင် တံတား ၁ စင်း၊ ချင်းပြည်နယ်တွင် တံတား ၁ စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၁ စင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တံတား ၂ စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတား ၃ စင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တံတား ၅ စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၅ စင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တံတား ၁ စင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် တံတား ၁၀ စင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တံတား ၁ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၅ စင်း နှင့် နေပြည်တော်တွင် တံတား ၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

- လှည့်ပတ်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော အိမ်ရာစီမံကိန်း ၁၃ ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်း ၃ ခု၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်း ၃ ခု၊ Villa ၂ ခု နှင့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း ၁ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် တန်ဖိုးနည်း/သင့်အိမ်ရာစီမံကိန်း ၁ ခု တို့ကို ဆောင်ရွက်လျက်ရှိပါသည်။
- မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော အိမ်ရာစီမံကိန်းများအနက် အန္တရာယ်ရှိသော အဆောက်အဦများနေရာတွင် အိမ်ရာအသစ်ပြန်လည်တည်ဆောက်သော အိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ခု၊ သက်တမ်းရင့် အိမ်ရာစခန်းဟောင်း

များနေရာတွင် အသစ်ပြန်လည် ဆောင်ရွက်သော အိမ်ရာစီမံကိန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် ၄ ခု၊ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ခု ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမြေ (အစိုးရမြေ) တွင် အကျိုးတူဖြင့် အိမ်ရာစီမံကိန်း ၁၅ ခု အား ရန်ကုန်တိုင်းဒေသကြီးတွင် ဆောက်လုပ်လျက်ရှိပါသည်။

- မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် ဖားဆောင်းမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ဘုံဖုံးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး ပလမြို့၊ ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နှင့် မြစ်သားမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြန်အောင်မြို့တို့တွင် လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပြန်လည်ဆန်းစစ်ခြင်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။
- ဝန်ထမ်းအိမ်ရာစီမံကိန်း ဆောက်လုပ်ရန်အတွက် မြေတိုင်းတာခြင်းလုပ်ငန်းများကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်၊ သထုံမြို့နှင့် ချောင်းဆုံမြို့၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့များနှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။
- မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၁၉၃၇ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ(မူကြမ်း)တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။


တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၄)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်ဖြင့် တံတားများတည်ဆောက်ခြင်း၊ လမ်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်းများ၊ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများ ဖောက်လုပ်ခြင်း၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ လွှတ်တော် တည်ဆောက်ခြင်းစသည့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်မှုကဏ္ဍမှ ပထမ(၆)လပတ်တွင် မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်မှု နည်းပါးခြင်း၊ နိုင်ငံပိုင်အခန်းမှ တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် အကောင်အထည်ဖော်နိုင်မှုနည်းခဲ့သော်လည်း ကျန်ရှိသည့် ဒုတိယ (၆)လပတ် ပွင့်လင်းရာသီတွင် တည်ဆောက်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။


**ပို့ဆောင်ရေးကဏ္ဍ**။ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများအနက် ပို့ဆောင်ရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်မှ သင့်လျော်သည့် မူဝါဒများ ချမှတ်ပြီး စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။ နိုင်ငံအတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများမှတဆင့် ဒေသတွင်းနိုင်ငံများသို့ ပို့ဆောင်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ရရှိစေရန် ရည်ရွယ်၍ ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးကျယ်ပြန့်လာသည်နှင့်အညီ ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှုများ ပိုမိုအဆင်ပြေချောမွေ့စေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၉၈၂,၉၉၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၆)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၄,၁၄၁,၈၈၄.၇ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်တွင် နိုင်ငံပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှု နှင့်ကုန်စည်ပို့ဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၆.၃ သန်း၊ ခရီးသည်မိုင် ၂၁၈.၂ သန်း၊ ကုန်တန်ချိန် ၀.၆ သန်း၊ ကုန်တန်မိုင် ၁၀၁.၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၂၂.၉ သန်း၊ ခရီးသည်မိုင် ၉၉၁.၉ သန်း၊ ကုန်တန်ချိန် ၀.၈ သန်း ၊ ကုန်တန်မိုင် ၂၁၀.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၅.၁ သန်း၊ ခရီးသည်မိုင် ၂၀.၉ သန်း ၊ ကုန်တန်ချိန် ၀.၃ သန်း၊ ကုန်တန်မိုင် ၃၁.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့ ပါသည်။

(ဃ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည်ဦးရေ ၀.၀၄ သန်း၊ ပြည်တွင်း ခရီးသည်မိုင် ၁၃၂.၃ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၀၁ သန်း၊ ပြည်ပခရီးသည် မိုင် ၁၁၅.၂ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၁၆ သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၁ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၁၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ကြောင်းများ ရေအနက် မြင့်မားလာစေရေးနှင့် ရေယာဉ်များ ကုန်တင်အလေးချိန် တိုးတက်တင်ဆောင် သွားလာနိုင်ရေးလုပ်ငန်း၊ ရေထုညစ်ညမ်းမှု မပေါ်ပေါက်စေရေး၊ မြို့ရွာများရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်း ပေါ်ရှိမြစ်များ၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရေလမ်းကြောင်း ကောင်းမွန်စေရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝင်ရောက်ဆိုက်ကပ်သည့် သင်္ဘော ၁,၁၅၀ စီးနှင့် ကုန်သေတ္တာအဝင် ၂၅၆,၄၃၅ လုံး (၄,၀၇၅,၉၅၁ မက်ထရစ်တန်)၊ ကုန်သေတ္တာအထွက် ၂၅၇,၀၈၀ လုံး (၂,၄၈၀,၇၄၂ မက်ထရစ်တန်) ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြည်တွင်း ပြည်ပမှ လုပ်ငန်းအပ်နှံလာသည့် ရေယာဉ်များအား တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေယာဉ် ၁၁ စီး ပြင်ဆင်နိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်ဖြင့် ပို့ဆောင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး - ဗန်းမော် (ထူးမြန်) ၄ားရမ်းခရီးလမ်းတို့မှ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၇,၅၅၃ ဦး ကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ် ရေကြောင်း သယ်ယူမှုပိုမိုကောင်းမွန်စေရန်နှင့် လုံခြုံချောမွေ့စေရန် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ရေယာဉ် ၃ စီး အနက် ၂ စီး ရောက်ရှိစေရန်ဆောင်ရွက်နိုင်ခဲ့ပြီး စစ်တွေ-မြောက်ဦး ခရီးစဉ်အား ပြေးဆွဲနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် BOEING လေယာဉ် ၃ စီး၊ ATR-72 လေယာဉ် ၈ စီး၊ EMBRAER E 190 လေယာဉ် ၂ စီး၊ CARAVAN လေယာဉ် ၄ စီး ဖြင့် ပုံမှန် ခရီးစဉ် ၃,၆၃၃ ခေါက်၊ စင်းလုံး၄ားခရီးစဉ် ၅၉ ခေါက်၊ စုစုပေါင်း ၃,၆၉၂ ခေါက် ပျံသန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသစခန်း ၆၄ ခု၊ ဇလဗေဒစခန်း ၂၄ ခု၊ မိုးလေဝသနှင့်ဇလဗေဒ(မိုး)စခန်း ၄၂ ခု၊ မိုးလေဝသနှင့် ဇလဗေဒ(ဇလ)စခန်း ၄၈ ခု၊ စိုက်ပျိုးရေး မိုးလေဝသစခန်း ၁၈ ခု၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၇ ခု၊ လေကြောင်းမိုးလေဝသစခန်း ၁၀၃ တို့မှ တိုင်းထွာချက် အကြိမ်ပေါင်း ၁၉၈,၅၃၉ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် မော်တော်ယာဉ် အလတ်စားပြင်ဆင်မှု ၆၂၀ စီး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်မှ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာ ခရီးစဉ်များ ပြေးဆွဲပေးခြင်း၊ ရန်ကုန်မြို့ရှိ ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက်နှင့် စန်းရောင်နီကုန်းလမ်း ပို့ဆောင်ရေးကုမ္ပဏီလီမိတက်တို့မှ City Bus များဖြင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းမှ ထုတ်လုပ်သောယာဉ်များ စုစုပေါင်း ၂,၀၁၇ စီးနှင့် ပြည်ပမှ တင်သွင်းလာသောယာဉ်များ စုစုပေါင်း ၄၄၉,၈၆၄ စီးတို့ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်များကိုလည်း လိုင်စင်အမျိုးအစားအလိုက် ထုတ်ပေးခဲ့ရာ စုစုပေါင်း ၅,၀၆၈,၇၀၄ ထုတ်ပေးနိုင်ခဲ့ပါသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့မီးရထားသည် လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၅၆ စင်း၊ လူစီးကုန်တင်ရထား ၅၀ စင်း၊ ခရီးတိုရထား ၂၁ စင်း၊ မြို့ပတ်ရထား ၂၁၈ စင်း၊ စုစုပေါင်းလူစီး ရထား ၃၈၃ စင်းနှင့် ကုန်ရထား ၁၇ စင်းတို့ ပြေးဆွဲခဲ့ပါသည်။ မြန်မာ့မီးရထားတွင် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် လူစီးရထား ၂၄ စင်းအား ခရီးစဉ်ရပ်ဆိုင်းခြင်း၊ ၁၄ စင်း အား ခရီးစဉ် ပြောင်းလဲပြေးဆွဲခြင်းများကိုဆောင်ရွက်ခဲ့ပါသည်။

ရထားလမ်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင် သံလမ်းပြုပြင် ထိန်းသိမ်းခြင်း ၁၈၃.၉၂ မိုင်၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်း ၃၇ စင်း၊ စက်ကိရိယာများ ပြုပြင် ထိန်းသိမ်းခြင်း ၃၄ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာ့မီးရထားရှိ အရေးကြီးသော ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်နှင့် ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းများတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။


အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေးအတွက် ရန်ကုန်ယာဒ်ဝင်းနှင့် ပုဇွန်တောင်ယာဒ်ဝင်းများတွင် သံလမ်းအောက်မြေတူးခြင်း နှင့် ပိုက်ထည့်ခြင်း၊ Track Circuit Junction Box အခြေထိုင်ခြင်းနှင့် ကြိုးသွယ်ခြင်း၊ Point Machine နှင့် Junction Box ကြိုးသွယ်ခြင်း၊ Megger Test and Continuity Test ပြုလုပ်ခြင်း၊ Point များ လဲလှယ်တပ်ဆင်ခြင်း၊ အချက်ပြမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ (၃-၂၇)

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

### (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန


နိုင်ငံတစ်ဝှမ်း ခရီးသည်နှင့် ကုန်စည်များ အဆင်ပြေ လွယ်ကူချောမွေ့စွာ သွားလာသယ်ယူပို့ဆောင်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပို့ဆောင်ရေးကဏ္ဍဘက်ညီဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ဆောင်ရေးလမ်းကြောင်းများဖြစ်သည့် ရေလမ်း၊ ကုန်းလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပထဝီအနေအထား၊ လူဦးရေအခြေအနေများပေါ် မူတည်၍ ဦးစားပေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးဆိုင်ရာ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများအား ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ပြဋ္ဌာန်းရေး၊ နိုင်ငံတကာစံညွှန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သတင်းအချက်အလက်နည်းပညာများကို တိုးမြှင့်အသုံးချနိုင်ရေးတို့အား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ e-government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တယ်လီဖုန်းသိပ်သည်းဆ Teledensity နှင့် အင်တာနက် သုံးစွဲနိုင်မှုများ တိုးတက်စေရေး၊ မြန်နှုန်းမြင့်အင်တာနက်များ ပိုမိုသုံးစွဲလာရေးနှင့် တယ်လီဖုန်းဝန်ဆောင်မှု အရည်အသွေးများမြင့်မားရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူဗဟိုပြု ဆက်သွယ်ရေးကဏ္ဍအားပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ၁,၇၆၀,၉၉၃.၂ ကျပ်သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၈)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၉ )တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆက်သွယ်ရေးကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈၉၄,၈၃၈.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများမှ ပထမ (၆) လပတ်အထိ မှတ်ပုံတင်ပြီးသောမိုဘိုင်းတယ်လီဖုန်း ဆင်းကတ်စုစုပေါင်း ၅၁,၆၉၈,၀၀၀ ရှိပြီး တယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်သုံးစွဲမှုများလည်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Support for Telecommunications Sector Reform Project ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါသည်။

(ခ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းဖုန်းများ ဆက်သွယ်မှုကောင်းမွန်စေရေးနှင့် ပိုမိုလျှင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ်များ တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်း၊ ဆက်သွယ်မှုကွန်ယက် အဆင့်မြှင့်တင်မှုစီမံကိန်း၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအတွက် SEA-ME-WE-5 ရေအောက်ကေဘယ်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်နိုင်စေရေးအတွက် စာတိုက် ၁,၃၈၂ ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်မှုပြီးစီးမှုအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၃,၉၈၆ခု၊ အော်ရီဒူးမြန်မာလီမိတက်မှ ၄,၆၁၃ ခု နှင့် တယ်လီနောမြန်မာလီမိတက်မှ ၆,၀၆၆ခု၊ စုစုပေါင်း တာဝါတိုင် ၁၄,၆၆၅ ခု တည်ဆောက်နိုင်ခဲ့ပါသည်။

(င) ခေတ်မီနည်းပညာကို အသုံးချ၍ ချောစာ/ချောထုပ်များပေးဝေမှုအား Delivery Monitoring System ဖြင့် စောင့်ကြည့်စစ်ဆေးခြင်း၊ငွေပို့စနစ် Online Money Order System ဖြင့်ဆောင်ရွက်ပေးခြင်း၊ သုံးစွဲသူများမှ ပေးပို့ထားသောချောစာ/ ထုပ်များအား ရောက်ရှိခြင်းရှိ/မရှိကို DEMS Track & Trace System ဖြင့်စစ်ဆေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များနှင့် စခန်းရုံးကြီးများ၏ အသေးစိတ်အခြေအနေကို Postal Data Information System ဖြင့်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ချောစာလက်ခံ/ပေးဝေမှုလုပ်ငန်း၊ ချောထုပ် လက်ခံ/ပေးဝေမှုလုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း၊ တံဆိပ်ခေါင်းရောင်းချမှုလုပ်ငန်းများ၊ စာတိုက်စခန်းရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်းလုပ်ငန်း၊ ပြည်တွင်းအမြန်


ချောပို့လုပ်ငန်း၊ ပြည်တွင်းငွေပို့လွှာလုပ်ငန်း၊ နေ့ချင်းရောက် စာဝေလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့စာတိုက်လုပ်ငန်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို မြို့ပေါင်း ၆၀ နှင့် ပထမ (၆) လပတ်တွင် မြို့ပေါင်း ၃၀ ဖွင့်လှစ်ရန် လျာထားခဲ့ပါသည်။ ပထမ (၆) လပတ်တွင် ၉၃ ရုံး ဖွင့်လှစ်နိုင်ခဲ့၍ ၃၁၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(စ) ပထမ (၆) လပတ်တွင် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ e-government လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး e-Learning Center ပင်မကွန်ရက် အဆင့်မြင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၀)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**
**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝါတိုင်များ တိုးချဲ့တည်ဆောက်ခြင်းအနေဖြင့် ကချင်ပြည်နယ်တွင် ၄၃ ခု၊ ကယားပြည်နယ်တွင် ၁၁ ခု၊ ကရင်ပြည်နယ်တွင် ၂၁ ခု၊ ချင်းပြည်နယ်တွင် ၃၀ ခု၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၉၂ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၂ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၃ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၄၇ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၀ ခု၊ မွန်ပြည်နယ်တွင် ၁၄ ခု၊ ရခိုင်ပြည်နယ်တွင် ၇၅ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၁ ခု၊ ရှမ်းပြည်နယ်တွင် ၁၁၅ ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၄၃ ခု၊ နေပြည်တော်ကောင်စီနယ်မြေတွင် ၅ ခု တည်ဆောက် ခဲ့ပါသည်။


ဆက်သွယ်ရေးကဏ္ဍအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး၏ဆက်သွယ်ရေး ကွန်ယက်ဖြန့်ကြက်မှု ပိုမိုကျယ်ပြန့် တိုးတက်မြင့်မားစေရန်၊မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်များ ပိုမိုသုံးစွဲနိုင်ရန်၊ ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေး နှင့်အင်တာနက်ဝန်ဆောင်မှုများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်ရန်အတွက်တာဝါတိုင်များ တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ထို့အပြင်တယ်လီဖုန်း ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာစေရန်အတွက် တယ်လီဖုန်းအော်ပရေတာများ ယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူဗဟိုပြုဆက်သွယ်ရေးကဏ္ဍအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူဖြစ်စေရန် ပိုမိုထိရောက်လွယ်ကူသော ငွေရေးကြေးရေး ဝန်ဆောင်မှုများဖန်တီးပေးပြီး ဘဏ်နှင့်အခြားသော ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများအား အဆင့်မြင့်တင်ဆောင်ရွက်ရေး၊ ခေတ်နှင့်လျော်ညီသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်ရေးနှင့် ရှင်းလင်းလွယ်ကူသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ရသင့်ရထိုက်သော အခွန်ရငွေများ ပြည့်ဝစွာရရှိစေရေး စသောမူဝါဒများ ချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၂၈,၉၃၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**
**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၁)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၂)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၂၂,၅၀၄.၆ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်၏ ၅၃.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၂၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ ငွေရေးကြေးရေးကဏ္ဍကို အထောက်အကူပြုမည့် လျင်မြန်တိကျမှန်ကန်သည့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် မိမိဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နေသူ (Customer) များအား ဝန်ဆောင်မှုအသစ် (New Product) အဖြစ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် ငွေစုဘဏ်စာရင်း (Saving Account) နှင့် ပုံသေအပ်နှံငွေစာရင်း (Fixed Deposit Account) တို့ကို မြန်မာကျပ်ငွေဖြင့် ၁-၈-၂၀၁၇ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်နှင့် ပြည်ပထွက်ခွာတို့တွင် ဖွင့်လှစ်ထားရှိသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ငွေလဲလှယ်ရေးကောင်တာများတွင် ခရီးသည်တစ်ဦးလျှင် အများဆုံး အမေရိကန်ဒေါ်လာ ၁၀၀ တန်ဖိုးရှိသော အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာတို့အား ဝယ်ယူရောင်းချ ခွင့်ပြုခဲ့ရာမှ အခြားသော ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေလဲလှယ်ရေးကောင်တာများနှင့် လုပ်ငန်းဆောင်ရွက်မှု လိုက်လျောညီထွေဖြစ်စေရေးအတွက်လည်းကောင်း၊ လိုအပ်ချက်ရှိသူများအား ရောင်းချနိုင်ရေးအတွက်လည်းကောင်း ၁၄-၈-၂၀၁၇ ရက်နေ့မှ စတင်၍ အမေရိကန် ဒေါ်လာငွေကြေးကို ခရီးသည်တစ်ဦးလျှင် အများဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀ အထိ တိုးမြှင့်ရောင်းချရန် ခွင့်ပြုနိုင်ခဲ့ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ အဖွဲ့အစည်းများ၊အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီလီမိတက်များ၊ တစ်ဦးတည်းပိုင်လုပ်ငန်းများနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များသို့ ပြည်တွင်းဘဏ်လုပ်ငန်းများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဆိုင်ရာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကျပ်ငွေဖြင့် စာရင်းရှင်အပ်ငွေနှင့် အချိန်ပိုင်းအပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ လက်ခံခြင်း၊ နိုင်ငံခြားငွေဖြင့် စာရင်းရှင်စာရင်းများ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံခြားငွေဖြင့် အချိန်ပိုင်းအပ်ငွေလက်ခံခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များသို့ ကျပ်ငွေဖြင့် စာရင်းပိုထုတ်ချေးခြင်းနှင့် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ နိုင်ငံခြားငွေ ငွေမာငွေကြေး အာမခံရယူခြင်းဖြင့် ဘဏ်အချင်းချင်း ချေးငွေထုတ်ချေးခြင်း (Bilateral Interbank Lending) နှင့် ကာလတို မြန်မာကျပ်ချေးငွေ ထောက်ပံ့ခြင်း (Short-term Financing)၊ ပြည်တွင်း/ပြည်ပ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးထောက်ပံ့ခြင်း၊ ဘဏ်အာမခံထုတ်ပေးခြင်းလုပ်ငန်းများနှင့် အခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့စီးပွားရေးဘဏ်သည် ပြောင်းလဲတိုးတက်လာသော ခေတ်ကာလအလျောက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရ ဒေသတွင်းနိုင်ငံတကာဈေးကွက်သို့ ပို့ကုန်များ တင်ပို့ ဆောင်ရွက်နိုင်မည့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့် သွင်းကုန်အစားထိုး စက်မှုလက်မှုလုပ်ငန်းများအား အဓိကထား၍ ချေးငွေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျ တိုးမြှင့် ထုတ်ချေးလျက်ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စိုက်ပျိုးရေးချေးငွေ ထုတ်ချေးခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်များသို့ နှစ်ဆင့်ခံချေးငွေ ထုတ်ချေးခြင်း၊ ပြည်ပ အထောက်အပံ့ချေးငွေများအတွက် Agent ဘဏ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကနှင့် အစိုးရနိုင်ငံခြားငွေစာရင်းများ၏ ငွေပေးချေမှု၊ စာရင်းလွှဲပြောင်းမှုများ၊ FE Budget ဖြင့် ဌာနဆိုင်ရာများမှ နိုင်ငံခြားငွေပေးချေမှုများ ဆောင်ရွက်ခြင်းနှင့် ဗဟိုဘဏ်၏ Deposit Auction အား မြန်မာကျပ်ငွေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးအတွက် နှစ်ရှည်အိမ်ရာချေးငွေ (Long Term Housing Mortgage) စနစ်ဖြင့် ရောင်းချနိုင်ရန် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ ချေးငွေထုတ်ချေးရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီပြီးဖြစ်ပါ၍ ချေးငွေများ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ လယ်ယာကဏ္ဍတိုးတက်စေရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ကျေးလက်နေပြည်သူများဖြစ်သည့် တောင်သူလယ်သမားများအား လိုအပ်သောစိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီးများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ နှစ်ချင်းဆပ်ချေးငွေအဖြစ် မိုး၊ ဆောင်း၊ မိုးကြိုရာသီများတွင် ရာသီအလိုက် စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူများ လယ်ယာလုပ်ငန်းတွင် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာများ (ရေစုပ်စက်၊ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ချွဲလှေ့စက်) ဝယ်ယူရန်အတွက် နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအားလည်း နှစ်တိုချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပါသည်။


တိုင်းဒေသကြီး/ ပြည်နယ်များတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ဘဏ်ခွဲစုစုပေါင်း ၁၈၈ ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကအသေးစား ငွေရေးကြေးရေးလုပ်ငန်းများအား လုပ်ကိုင်ခွင့်လိုင်စင်များကို ခွင့်ပြုပေးပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသေးစား ငွေစုငွေချေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပုဂ္ဂလိကအာမခံကုမ္ပဏီရုံးခွဲပေါင်း ၄၇ ခုကို ဖွင့်လှစ်၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်း အနေဖြင့် YBS ယာဉ်စီးရေ ၂၅၀ ကို အလုံးစုံမော်တော်ယာဉ် အာမခံလက်ခံခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ရေကြောင်းကုန်ပစ္စည်းအာမခံလုပ်ငန်းကို မြန်မာ့အာမခံလုပ်ငန်းနှင့် Grand Guardian Insurance Co,.Ltd တို့သည် အကျိုးတူအချိုးကျ အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အကျိုးတူအချိုးကျအာမခံ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ထိုကဲ့သို့ အာမခံလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံစနစ်အပေါ် ပြည်သူများ ယုံကြည်မှု ရှိလာပြီး ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

ပုံ (၃ - ၃၃)

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေအပေါ် အတိုးရငွေများ ပိုမိုရရှိလာခဲ့ခြင်းကြောင့် မြန်မာ့စီးပွားရေးဘဏ်၏ ရငွေများ မြင့်မားခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကမ္ဘာ့ရတနာ ဘဏ်ခွဲ ၁ ခု တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ချေးငွေများမှ အတိုးရငွေများအပြင် ငွေလွှဲခနှင့်ဝန်ဆောင်ခရငွေများ များပြားခြင်းနှင့် မှတ်ပုံတင်၍ အသေးစားငွေကြေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကအဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းများကြောင့် ဝင်ငွေ တိုးတက်ရရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် မိုးရာသီချေးငွေများကို ပြေကျေအောင် ပေးဆပ်နိုင်ခြင်း၊ နှစ်ဟောင်းချေးငွေ ကြွေးကျန်များမှ အတိုး/ဒဏ်တိုးဝင်ငွေများ ရရှိခြင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရ ပုဂ္ဂလိက အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ချေးငွေများထုတ်ချေးပေးခြင်းနှင့် ၄င်းချေးငွေများအပေါ်မှ အတိုးရငွေများ ပိုမိုရရှိခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၊ ၁၄ မြို့နယ်တွင် Pact Global Microfinance Fund မှ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက် ငွေအရင်းအနှီး လိုအပ်မှုကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကမ္ဘောဇဘဏ်ခွဲ ၃ ခု၊ ကမ္ဘာ့ရတနာဘဏ်ခွဲ ၁ ခု၊ သမဝါယမဘဏ်ခွဲ ၃ ခု၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေး ဘဏ်ခွဲ ၁ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၂ ခု၊ စုစုပေါင်း ၁၀ ခု တိုးချဲ့ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြဝတီဘဏ်ခွဲ ၁ ခု၊ ရိုးမဘဏ် ၂ ခု၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲ ၁ ခု၊ ကမ္ဘောဇဘဏ်ခွဲ ၇ ခု၊ ကမ္ဘာ့ရတနာဘဏ်ခွဲ ၃ ခု၊ သမဝါယမဘဏ်ခွဲ ၇ ခု၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ခွဲ ၁၁ ခု၊ ဧရာဝတီဘဏ်ခွဲ ၁၀ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ ၁ ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၆ ခု၊ စုစုပေါင်း ၄၉ ခု တိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းပုဂ္ဂလိကဘဏ်ခွဲများ၏ ဝင်ငွေများ မြင့်မားသည့်အပြင် နိုင်ငံခြားဘဏ်ခွဲများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါ သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ပုဂ္ဂလိကဘဏ်ခွဲ ၈ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်း၊ စိုက်ပျိုးစရိတ် ချေးငွေအပေါ် အတိုးရငွေများရရှိခြင်းနှင့် ပုဂ္ဂလိက အာမခံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိခြင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိထားသော ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများထုတ်ချေးပေးခဲ့ပြီး ၄င်းချေးငွေများအပေါ် အတိုးရငွေများ ပိုမိုရရှိခဲ့ပါသည်။


ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သမဝါယမငွေစုငွေချေးအသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများအပြင် China EXIM ဘဏ်မှ ချေးငွေရယူ၍ အသေးစား အရင်းအနှီးချေးငွေများ၊ လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများ၊ ရေလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူနိုင်ရန် အရစ်ကျချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်။ ချေးငွေများကို (၆)လ(၁)ကြိမ် အရစ်ကျပြန်လည် ပေးဆပ်ခြင်းနှင့် အတိုး ရငွေများ ကောက်ခံရရှိခြင်းများကြောင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် သမဝါ ယမ ငွေစုငွေချေးအသင်းများ၏ ဝင်ငွေများလည်း သိသာစွာ တိုးတက်ခဲ့ပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရည်အဆင့်အတန်း မြင့်မားရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၉၂၈,၆၃၃.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၂၈၂,၉၂၆.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၄၃.၈ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) အခြေခံပညာပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များအနေဖြင့် ကျောင်းပေါင်း ၅,၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်၊

(ခ) ကျောင်းသား၊ ဆရာအချိုးမျှတရေးအတွက် လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမ များကို ပညာရေးတက္ကသိုလ် သင်တန်းဆင်း ၄၈၂ ဦး၊ လုပ်ငန်းအကြို ဆရာ အတတ်ပညာဒီပလိုမာ သင်တန်းဆင်း ၄,၄၃၆ ဦး၊ လုပ်ငန်းအကြို ဆရာအတတ် သင်တန်းဆင်း ၅,၅၁၇ ဦးနှင့် နေ့စားမူလတန်းပြမှ အမြဲတမ်းဝန်ထမ်း မူလတန်း ပြ ဆရာ/ ဆရာမများအဖြစ် ၂၄,၃၆၉ ဦး ခန့်ထားနိုင်ခဲ့ပါသည်၊

(ဂ) ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေအရွယ်ကလေး များ ကျောင်းနေရေးအတွက် မည်သည့်အခကြေးငွေမျှ ကောက်ယူခြင်းမရှိဘဲ ကျောင်းသား၊ ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် ၁၅၇,၁၉၅ ဒါဇင်အတွက် ကျပ် ၃၁၄.၃၉၀ သန်းနှင့် ကျောင်းဝတ်စုံ ၅၂၈,၃၄၉ ဦးအတွက် ကျပ် ၇၃၅.၉၉၀၂ သန်း တို့ကို အခမဲ့ဖြန့်ဝေပေးခြင်း၊ အထက ၂၁ ကျောင်း၊ အထက (ခွဲ) ၁၆ ကျောင်း၊ အလက ၈၈ ကျောင်း၊ အလက(ခွဲ) ၅၇ ကျောင်း၊ မူလွန် ၇၁ ကျောင်း၊ အမက ၂၀ ကျောင်း၊ အမက(ခွဲ) ၁၂၇ ကျောင်းတို့ကို ကျောင်းအဆင့် တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ ပါသည်၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာအရည်အသွေး မြင့်မားစေရေးအတွက် ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း ၇၃၁ ကျောင်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ ပါသည်၊

(င) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံမှ နိုင်ငံရေးကဏ္ဍ မူဝါဒ (၁၂) ချက်၊ စီးပွားရေးကဏ္ဍမူဝါဒ (၁၁)ချက်၊ လူမှုရေးကဏ္ဍမူဝါဒ (၄)ချက်၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ (၁၀)ချက်၊ စုစုပေါင်း သဘောတူညီချက် (၃၇) ချက်ကို လက်မှတ် ရေးထိုးနိုင်ခဲ့ပါသည်၊

(စ) ကာကွယ်ရေးဝန်ကြီးဌာနမှ သစ်တောထွက်ပစ္စည်းများအလွန်အကျွံ ထုတ်ယူ သုံးစွဲမှုမှ ကာကွယ်ရန် တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ မှောင်ခို သယ်ဆောင်ခြင်း ကို ဖမ်းဆီးစစ်ဆေးမှုကြောင့် ကျွန်းသစ် ၁,၁၈၆.၂၉ တန် နှင့် အခြားသစ်

၉,၂၉၂.၁၄ တန် စုစုပေါင်းသစ် ၁၀,၄၇၈.၄၃တန် ကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပါသည်၊

(ဆ) နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းတွင် မြေလမ်း ၃၇၈ မိုင်၊ ကျောက်လမ်း ၁၇၅ မိုင်၊ ကတ္တရာလမ်း ၆၆ မိုင်၊ ကွန်ကရစ်လမ်း ၇ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၇ မိုင်နှင့် တံတားငယ် ၇၂ စင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါ သည်၊

(ဇ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ စာကြည့်တိုက်များတွင် အင်္ဂလိပ်ဘာသာထုတ် ကျမ်းစာအုပ် ၁၉၇ အုပ်၊ မြန်မာဘာသာထုတ် ဗုဒ္ဓကျမ်းစာအုပ် ၁၅၉ အုပ်၊ အင်္ဂလိပ်မဂ္ဂဇင်း ၁၄၇ အုပ်၊ မြန်မာမဂ္ဂဇင်း ၁၅၃ အုပ် နှင့် ဒေဝနာဂရီနှင့် အခြားဘာသာထုတ်စာအုပ် ၈၄ အုပ်တို့ကို စုဆောင်းနိုင်ခဲ့ပါသည်၊

(ဈ) ရွှေတိဂုံစေတီတော်ကြီးနှင့် ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းတင်သွင်းရန်နှင့် ခါကာဘိုရာဇီဒေသကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ည) လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန်အတွက် လူ့စွမ်းအား ဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ဝေနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံချက်စနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် အထည်ချုပ်လုပ်ငန်းများ၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်(မူကြမ်း)ကို ပြုစုရေးဆွဲခဲ့ပါသည်၊

(ဌ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အောက်ပါရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(၁) ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လူနာများအား လက်ခံကုသပေးခြင်းနှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်၊

(၂) ရာသီတုပ်ကွေးရောဂါ ကာကွယ်ကုသရေးအတွက် Agrippal S1 Influenza vaccine (1860) vials အား ဗဟိုအဆင့် ဆေးရုံကြီး ၁၁ ရုံ၊ ခုတင် ၂၀၀ နှင့် အထက်ဆေးရုံ ၄ ရုံ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာန(၃) ခု တို့အား ဖြန့်ဝေပေးခဲ့ပါသည်၊

(၃) တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်း ဆောင်ရွက်မှုများအနေဖြင့် အဆုတ်တွင် ပိုးတွေ့လူနာ ၂၅,၃၀၁ ဦး၊ အဆုတ်တွင်ပိုးမတွေ့ လူနာ ၃၁,၉၀၃ ဦး၊ အဆုတ်ပြင်ပတွင် ပိုးတွေ့လူနာ ၁၀၈ ဦး၊ အဆုတ်ပြင်ပတွင် ပိုးမတွေ့လူနာ ၆,၀၆၇ ဦး၊ စုစုပေါင်းလူနာ ၆၃,၃၇၉ ဦးတို့အား ကုသပေးခဲ့ပါသည်၊

(၄) မျက်ခမ်းစပ်နှင့်မျက်မမြင် ကာကွယ်ရေးစီမံချက်အနေဖြင့် အကြီးစားခွဲစိတ်မှု ၆,၇၀၁ ခု၊ အသေးစားခွဲစိတ်မှု ၄,၀၂၃ ခု၊ ပြင်ပလူနာကြည့်ရှုခြင်း ၃၈,၁၈၂ ခု၊ ကွင်းဆင်းကုသရွာသားပေါင်း ၂၆,၀၂၆ ဦး၊ ကုသကျောင်းသားပေါင်း ၂,၁၄၁ ဦးတို့အား ဆောင်ရွက်ပေးခဲ့ပါ သည်၊

(ဍ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၆ ခု နှင့် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၁ ရုံ တို့ကို အသစ် ဖွင့်လှစ်နိုင်ခဲ့ပါ သည်၊

(ဎ) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပကတိအခြေအနေကို ထင်ဟပ် ဖော်ပြနိုင်သည့် အညွှန်းကိန်းများပြုစုခြင်းနှင့် အမျိုးသားစာရင်းစနစ် (System of National Accounts) ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဆောင်ရွက် လျက် ရှိပါသည်၊

(ဏ) အမျိုးသားစာရင်းစနစ် (System of National Accounts) မြှင့်တင်ရေးဆောင်ရွက်ခြင်းအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ၂၀၀၈ ခုနှစ် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းစနစ် အကောင်အထည်ဖော်မှုအစီအစဉ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် (Supply and Use Table) ၏ နည်းပညာဆိုင်ရာ ခန့်မှန်းမှုများအား ရှင်းလင်းတင်ပြသော အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်၊

(တ) စီမံကိန်းရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေသည့် Macro Economic Forecasting အတွက် ပြည်ပကျွမ်းကျင်ပညာရှင် ပို့ချသည့်သင်တန်းသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်၊

(ထ) ဗဟိုစာရင်းအင်းအဖွဲ့မှ ဖွား/သေစာရင်းအင်းများကို E-Platform စနစ်ဖြင့် အဆင်ပြေစွာဆောင်ရွက်နိုင်ရန်နှင့် ဖွား/သေ အစီရင်ခံစာ (Vital Report) ထုတ်ဝေနိုင်ရန်အတွက် UNICEF နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်၊

(ဒ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ညွှန်ကိန်းအသစ်များ တိုင်းတာနိုင်ရန် မြန်မာနိုင်ငံ၏ စာရင်းအင်းရရှိနိုင်မှုအခြေအနေအား အကဲဖြတ်မှုအစီရင်ခံစာကို ဗဟိုစာရင်းအင်းအဖွဲ့ နှင့် UNDP တို့ ပူးပေါင်းထုတ်ဝေခဲ့ပါသည်၊

(ဓ) မြန်မာနိုင်ငံ တစ်ပိုင်တစ်နိုင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) Micro, Small and Medium Enterprises (MSMEs) စစ်တမ်းကို ဗဟိုစာရင်းအင်းအဖွဲ့ မှ ကောက်ယူခဲ့ပါသည်၊

(န) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Current and Capital Electronic Budget Submission Template အသုံးပြုမှုနည်းစနစ်များကို အစိုးရဌာန အဖွဲ့အစည်းများအားလုံးသို့ သင်တန်းပို့ချခဲ့ပါသည်၊

(ပ) တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ လူကုန်ကူးခံရသူ စုစုပေါင်း ၉၅ ဦး အား ပြန်လည် လွှဲပြောင်းလက်ခံခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသ အာဏာပိုင်များ အစည်းအဝေး သဘောတူညီချက်အရ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ ကျိုင်းလပ်အား နယ်စပ်စစ်ဆေးရေးဂိတ်အဖြစ် သတ်မှတ်ထည့်သွင်းနိုင်ရေးနှင့် ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရန်အတွက် လာအိုနိုင်ငံနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်၊

(ခ) အိမ်နီးချင်းနိုင်ငံများနှင့် ပိုင်နက်နယ်မြေအငြင်းပွားမှု နည်းပါးစေရေး၊ နယ်စပ်ဒေသများတွင် မှုခင်းကျဆင်းစေရေးနှင့် မိမိ၏ပိုင်နက်နယ်မြေ အတိအကျသတ်မှတ်နိုင်ရန် သက်ဆိုင်ရာနိုင်ငံများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး၊ ဒေသတွင်းနယ်ခြားကော်မတီအစည်းအဝေး၊ ပြည်နယ်အဆင့် နယ်ခြားကော်မတီ အစည်းအဝေးများကျင်းပ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်၊

(ဂ) အကျဉ်းဦးစီးဌာနအနေဖြင့် အင်းစိန်၊ မန္တလေးနှင့် သာယာဝတီ ဗဟိုအကျဉ်းထောင်များတွင် သူငယ်တန်း မှ ဒသမတန်းအထိ ကျောင်းသား/ သူစုစုပေါင်း ၁၇၉ ဦး တို့အား ပညာသင်ကြားပေးလျက်ရှိပြီး အဝေးသင်တက္ကသိုလ် ပထမနှစ်တွင် (မြန်မာစာ) ၆ ဦး၊ (သမိုင်း) ၂ ဦး၊ (ဒဿနိက) ၁ ဦး၊ ဒုတိယနှစ်တွင် (မြန်မာစာ) ၁ ဦး၊ (ပထဝီ) ၂ ဦးနှင့် တတိယနှစ်တွင် (အင်္ဂလိပ်စာ) ၁ ဦး၊ စုစုပေါင်း ၁၃ဦး တက်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ NCA မူဘောင်ကို ပြင်ဆင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပရသေးသောဒေသများတွင် ကျင်းပ၍ ပြည်သူများ၏ သဘောထားများကို ရယူခြင်းနှင့် NCA လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(င) ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြန်မာနိုင်ငံ ပြတိုက်များဥပဒေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပြင်ဆင်) တို့ကို ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်သို့ တင်ပြဆွေးနွေးခဲ့ပါသည်၊

(စ) နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဥပဒေ(မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ သဘောထား တောင်းခံ၍ အကြံပြုချက်များနှင့်အညီ ပြန်လည် ပြင်ဆင်ခဲ့ပြီး ဥပဒေ(မူကြမ်း)များ ပြုစုရေးဦးဆောင်ကော်မတီမှ အပြီးသတ် ညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ကျန်းမာရေးဆိုင်ရာ ဥပဒေ(မူကြမ်း)များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း များ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မှတ်ချက် တောင်းခံထားပါသည်၊

(ဇ) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေး သူငယ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများ ၏ အခွင့်အရေးများ နည်းဥပဒေနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ တို့ကို အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါ သည်၊

(ဈ) ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အတွက် နှစ်နိုင်ငံအချင်းချင်း စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြည်ပအရင်းအမြစ်များ ရယူရေးအတွက် နိုင်ငံတော်မှ

ဆက်သွယ်ရာ ဗဟိုဌာနအဖြစ် ညှိနှိုင်းဆက်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်၊

(ည) တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်၊

(ဋ) ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်၊

(ဌ) အများပိုင်ကုမ္ပဏီများ တိုးပွားလာစေရေးအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်(သို့)သက်သာခွင့်ပြုမည့်နှုန်းထား သတ်မှတ်နိုင်ရေးကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဍ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့ဖြစ်သည့် စိန်နှင့်မြအပေါ် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေစင်ရွှေတုံးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ရာ ကင်းလွတ်ခွင့်ပြုကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါသည်၊

(ဎ) တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယမူကြမ်းအပေါ် အတည်ပြုနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆောက်အဦ ၇၂၈ လုံးမှ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုဆောင်ရွက်ပေးနိုင်ခဲ့ပြီး စစ်ဆေးခအနေဖြင့် ကျပ်၁,၇၉၇.၈၂၀ သန်းအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းနိုင်ခဲ့ပါသည်၊

(ခ) တိုင်းရင်းဆေးဝါးမှတ်ပုံတင် ထုတ်ပေးခြင်းအနေဖြင့် မှတ်ပုံတင်အသစ် ထုတ်ပေးခြင်း ၃၀၄ ခု နှင့် သက်တမ်းတိုးခြင်း ၄၆၇ ခု၊ ထုတ်လုပ်ခွင့်လိုင်စင် သက်တမ်းတိုးခြင်း ၈၄ ခု၊ ထုတ်လုပ်ခွင့်လိုင်စင်ဖြည့်စွက်ခြင်း ၇၇ ခု တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လူမှုရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၆)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် **ပုံမှန်ဈေးနှုန်းများအရ** ယခင်နှစ် အလားတူကာလထက် ၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းမှာ စီမံခန့်ခွဲရေးဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများတို့မှ အမှုထမ်းနှင့် အရာထမ်းဝန်ထမ်း အင်အားများ တိုးမြှင့်ခန့်ထားခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ဟိုတယ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ဟိုတယ်နှင့် အခြားဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်ပခရီးသွားများ ပိုမိုစီးဝင်လာရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပိုမို ဖြစ်ထွန်းလာရေးနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်လာစေရန် ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ဟိုတယ်နှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၂,၇၀၅,၂၄၄.၁ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


(၃-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၁၇၅,၃၆၄.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၃.၄ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဟိုတယ်နှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သော ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ပမှခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် ပိုမိုစိတ်ဝင်စားလျက် ရှိပါသည်။ စိတ်ဝင်တစား လာရောက်လေ့လာသူများ များပြားလာသည့်အတွက်

ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော စီးပွားရေးရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ပခရီးသည်ဝင်ရောက်မှုစာရင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရန်ကုန်၊ မန္တလေးနှင့် နယ်စပ်ဒေသများ မှ အတွင်းပိုင်း လာရောက်သူ ၅၅၁,၇၉၅ ဦးနှင့် နယ်စပ်အပါအဝင်နယ်မှဝင်ရောက်သူ ၁,၀၃၈,၆၇၆ ဦး စုစုပေါင်း ၁,၅၉၀,၄၇၁ ဦး ဝင်ရောက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှဝင်ငွေအနေဖြင့် နိုင်ငံခြားငွေ US$ ၉၇၈ သန်း ရရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလထက် ၈.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုဌာနခွဲသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းလိုင်စင် ၄ မျိုးကို ထုတ်ပေးလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အထိ ထုတ်ပေးခဲ့သော လိုင်စင်များအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အနေဖြင့် ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း ၆၇ လုံး၊ အခန်း ၂,၇၈၀ ခန်း၊ နိုင်ငံခြားနှင့် ဖက်စပ်ဟိုတယ် ၁ လုံး၊ အခန်း ၆၅၈ ခန်း အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ခ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အနေဖြင့် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေး ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးလျက်ရှိရာ Inbound Tour လုပ်ငန်းအတွက် နိုင်ငံသားပိုင် ခရီးလှည့်လည်ရေးကုမ္ပဏီ ၂၆၀ ခု၊ နိုင်ငံခြားနှင့် မြန်မာဖက်စပ်ကုမ္ပဏီ ၃ ခု၊ စုစုပေါင်း ၂၆၃ ခု တို့အားလုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။နိုင်ငံသားပိုင်ခရီးလှည့်လည်ရေးကုမ္ပဏီ ၂၃ ခု ကို Outbound Tour အတွက် လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ဂ) ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်အနေဖြင့် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အပါအဝင်) ၄၂၄ ဦး အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ဃ) ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အနေဖြင့် မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေး

လုပ်ငန်းလိုင်စင် ၁၆၉ ခု (မော်တော်ယာဉ် ၁၆၁ စီး နှင့် ရေယာဉ် ၈ စင်း) အား လုပ်ငန်းလိုင်စင်များ ခွင့်ပြု ထုတ်ပေး ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဝှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၉)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးဝင်ရောက်ခဲ့ပြီး ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ခရီးသွားလုပ်ငန်းမှဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် မြန်မာနိုင်ငံသားများ အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေပြု၍ နိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးတို့ကို ဖြစ်ပေါ်စေသည်သာမက ယင်းသို့ လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိခံစားကြရန် ရည်ရွယ်သည့် လုပ်ငန်း ဖြစ်သည့်အတွက် ခရီးသွားမှုပုံစံများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့်အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွားလာမှုလွယ်ကူစေရေး ဖြေလျော့မှုပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့ကို အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စများ၊ အစိုးရဌာန၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။


**ကုန်သွယ်ရေးကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများနှင့်အညီ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ အမိန့်များထုတ်ပြန်ခြင်း၊ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ စီမံဆောင်ရွက်မှုများအား ထုတ်ပြန်ကြေငြာခြင်း၊ အသိပေးခြင်းလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုအား အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍ၏ ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၉,၁၆၃,၉၂၅.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်ရေးကဏ္ဍ၏ ပထမ(၆)လပတ် ကုန်သွယ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၂၇၂,၀၀၃.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာယီစာရင်းများအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၆,၆၂၅.၀ သန်း၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၉,၁၁၄.၈ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅,၇၃၉.၈ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ယာယီစာရင်းများအရ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၆၃၁.၁ သန်း (၂၄.၆ ရာခိုင်နှုန်း)၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၆၀၅.၂ သန်း (၂၄.၂ ရာခိုင်နှုန်း)၊ စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၅၁၄.၂ သန်း ( ၂၂.၉ ရာခိုင်နှုန်း)၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၅၄၅.၇ သန်း (၈.၂ ရာခိုင်နှုန်း)၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၆၁.၄ သန်း (၃.၉ ရာခိုင်နှုန်း)၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၁၅.၇ သန်း(၁.၈ ရာခိုင်နှုန်း)၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆.၅ သန်း (၀.၁ ရာခိုင်နှုန်း) နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၉၄၅.၂ သန်း(၁၄.၃ ရာခိုင်နှုန်း)၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၆,၆၂၅.၀ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ယာယီစာရင်းများအရ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၃၅၇.၃ သန်း (၃၆.၈ ရာခိုင်နှုန်း)၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၅၁၅.၃ သန်း (၃၈.၆ ရာခိုင်နှုန်း)၊ လူသုံးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၂,၄၂.၂ သန်း(၂၄.၆ ရာခိုင်နှုန်း)၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၉,၁၁၄.၈ သန်း တင်သွင်းခဲ့ပါသည်။

နိုင်ငံအလိုက်ကုန်သွယ်မှုအခြေအနေတွင် မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၃၅.၈ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ မှ ၁၃.၂ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံမှ ၁၀.၀ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ ၆.၂ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၅.၅ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများမှ ၂၉.၃ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂,၅၂၄.၆ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၁၀၃.၃ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၅၇.၉ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀၀.၅ သန်းနှင့် စင်ကာပူနိုင်ငံ သို့ အမေရိကန် ဒေါ်လာ ၃၁၆.၁ သန်း ဖြစ်ပါသည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ ဆန်၊ သတ္တုနှင့် သတ္တုရိုင်း၊ မတ်ပဲနှင့် ပဲတီစိမ်း တို့ ဖြစ်ကြပါသည်။

ပြည်ပသွင်းကုန်အများဆုံး တင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၁၀၃.၃ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၂၅၁.၂ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၇၄.၉ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၆၇.၄ သန်းနှင့် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၁၁.၄ သန်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများတွင် အများဆုံးတင်သွင်းသော ကုန်စည်များမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း အမေရိကန်ဒေါ်လာ ၇၇၁.၀၂ သန်း၊ စက်နှင့်စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၁၅.၃၆ သန်း၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၃၆၉.၁၃၁ သန်းနှင့် လေယာဉ်နှင့်လေယာဉ်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၇၅.၀၁ သန်းတို့ဖြစ်ပါသည်။

လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများတွင် ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၅၀၃.၅၆ သန်း၊ သံနှင့်သံမဏိပစ္စည်းများ အမေရိကန်ဒေါ်လာ ၃၁၅.၃၅ သန်းနှင့် ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၉၃.၈၄ သန်း တို့အား အများဆုံးတင်သွင်းခဲ့ပါသည်။

လူသုံးကုန်ပစ္စည်းများတွင် ဆေးဝါးပစ္စည်း အမေရိကန်ဒေါ်လာ ၂၆၅.၈၂ သန်း၊ စားအုန်းဆီ အမေရိကန်ဒေါ်လာ ၂၅၁.၅၅ သန်းနှင့် အလှကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၅၈.၁၂ သန်းတို့ အား အများဆုံးတင်သွင်းခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဥပဒေ (မူကြမ်း) ကို World Bank Group အကူအညီဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ပို့ကုန်များကို မြှင့်တင်ပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်နှင့် မြန်မာနိုင်ငံအား ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ နဝမအကြိမ် အစည်းအဝေးကျင်းပခြင်း၊ Japan International Cooperation Agency-JICA) မှ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တနင်္သာရီဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan Survery နှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းပုံစံသစ်နှင့် SMEs များ ပြည်ပကုန်သွယ်မှုတွင် တိုးချဲ့တင်ပို့နိုင်မှုအတွက် နည်းပညာ အသုံးပြုခွင့် ဆိုင်ရာ 2017 Strategic Development and Innovation for SMEs Training program သင်တန်းကျင်းပခြင်းများကို ဆောင်ရွက်ခဲ့ ကြပါသည်။

ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယားနှင့် အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုဒေသ၊ အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေးသဘောတူညီချက်၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသတို့တွင် မြန်မာနိုင်ငံမှ လက်ရှိကာလထိ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှု ဒေသ၊ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်တို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှု ဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံမှ ပဲစဉ်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံဘက်မှ သွင်းကုန်မူဝါဒ ပြောင်းလဲခြင်းအပေါ် အိန္ဒိယနိုင်ငံဘက်သို့ ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် ရန်ကုန်အခြေစိုက်၊ အိန္ဒိယသံရုံးနှင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီအခြေစိုက် မြန်မာသံရုံးတို့သို့ အကြောင်းကြားခဲ့ပါသည်။ ပဲစဉ်းငုံတင်သွင်းမှုမူဝါဒ ပြင်ဆင်မှုနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒ ပြောင်းလဲမှုနှင့်ပတ်သက်ပြီး ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၏ GSP အစီအစဉ်အရ အကောက်ခွန် သက်သာခွင့်ပြုမည့် ကုန်စည်များစာရင်းတွင် ဖိနပ်(Footwear)အား ထည့်သွင်းရန် တောင်းဆိုခြင်း၊ မြန်မာနိုင်ငံ အနေဖြင့် အမေရိကန်နိုင်ငံ၏ GSP Alliance သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမေရိကန်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့ သက်သာခွင့်ပေးအပ်ထားသည့် ကုန်စည်များ ပြန်လည်ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် များကို ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်၊ရန်ကုန်) နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ထုတ်ပေးလျက်ရှိပါသည်။

စားသုံးသူကာကွယ်ရေး ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ပမှတင်သွင်းသော ကုန်စည်များတွင် သာမက ပြည်တွင်းမှထုတ်လုပ်သော ကုန်စည်များတွင်လည်း သုံးစွဲပုံနှင့်ပတ်သက်သော သတင်း အချက်အလက်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် အမိန့်ကြော်ငြာစာ (မူကြမ်း) အား တင်ပြထားပြီးဖြစ်ပါသည်။ USAID အထောက်အပံ့ဖြင့် စားသုံးသူအကာအကွယ်ပေးရေး

ဥပဒေမူကြမ်းဆွေးနွေးခြင်း၊ National Trade Portal and Trade Repository Website နှင့် Work shop on Handling Consumer Complaints about Services တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ရွေးချယ်စားသုံး တတ်စေရန်နှင့် ကျန်းမာကြံ့ခိုင်သော အနာဂတ်လူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ စာသင်ကျောင်းများ၊ ကျေးရွာများတွင် Mobile ပြခန်းများပြသသွားရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စားသုံးသူအကျိုးစီးပွားအတွက် ဘေးဥပါဒ်အန္တရာယ်ရှိသော စားသုံးရန်မသင့်သော ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချမှု ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါ သည်-

**ပုံ (၃-၄၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်တွင် ဒေသတွင်းထုတ်လုပ်မှုကဏ္ဍများ၏ ထုတ်လုပ်မှုနည်းနေခြင်းနှင့် ပြင်ပမှပုံမှန်ရောင်းဝယ်မှုများသာရှိသည့်အတွက် တိုင်းဒေသကြီး/

ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၃၇ ရာခိုင်နှုန်း ဝန်းကျင်ခန့်သာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဘားအံမြို့တွင် ဖွဲ့ကပင်ကုန်သွယ်မှု ဇဟိုဌာန ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုမြှင့်တင်ရေး ဇဟိုဌာနများ စုစုပေါင်း ၁၂ ခု ဖွင့်လှစ် နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်တွင်းကုန်စည်ပြပွဲများအနေဖြင့် ရန်ကုန်မြို့တွင် ကုန်စည်ပြပွဲ ၁၃ ပွဲနှင့် ထားဝယ်မြို့၊ နေပြည်တော်၊ မန္တလေးမြို့၊ မွန်ပြည်နယ်၊ ကျိုင်းတုံမြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပနိုင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ ကုန်စည်ပြပွဲ ၂၄ ပွဲ သွားရောက်ပြသနိုင်ခဲ့ပါသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင် အဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဆန်၊ စပါးဝယ်ယူရေး ကြီးကြပ်မှု လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုအခွင့်အလမ်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

ကုန်ပစ္စည်းအုပ်စုအလိုက် တင်ပို့မှုအနေဖြင့် စက်မှုကုန်ချောပစ္စည်း၊ လယ်ယာထွက် ပစ္စည်း၊ သတ္တုတွင်းထွက် ပစ္စည်းများပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ ကုန်ပစ္စည်းအုပ်စုအလိုက် တင်သွင်း မှုအနေဖြင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအား အများဆုံးတင်သွင်းနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများမှာဒုတိယအများဆုံး၊ လူသုံးကုန်ပစ္စည်းများအား တတိယအများဆုံးတင်သွင်းနိုင် ခဲ့ပါသည်။

**လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခွန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများအနက် လုပ်ငန်းစီမံကိန်းများတာဝန်ယူ ဆောင်ရွက်လျက် ရှိသော ပြည်ထောင်စုဝန်ကြီးဌာန (၆)ခုရှိရာ လုပ်ငန်းစီမံကိန်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁,၂၈၀,၀၄၆.၀၁၇ သန်း လျာထားခဲ့ပါသည်။ ပထမ (၆) လပတ်တွင် လုပ်ငန်းစီမံကိန်း များ၏ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၄၉,၆၆၄.၄၁၁ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက် အပေါ် ၂၇.၃၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဝန်ကြီးဌာနအလိုက် လုပ်ငန်း စီမံကိန်း များ ဆောင်ရွက်နိုင်မှုအခြေအနေကို ငွေကြေးထုတ်ယူသုံးစွဲမှုအလိုက် စိစစ်တင်ပြ အပ်ပါသည်။

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြု ငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ပထမ (၆) လပတ်တွင် ကျပ် ၈၈,၉၁၄.၄၉၃ သန်းနှင့် ၂၄.၂၂ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါ သည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၄၀,၃၇၉.၅၈၄ သန်းနှင့် ၂၆.၄၁ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ကျပ် ၃၃၁.၉၀၀ သန်းနှင့် ၁၁.၀၉ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ကျပ် ၈၆.၄၀၀ သန်းနှင့် ၇.၄၈ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ဦးစီး ဌာနမှ ကျပ် ၂၆၃.၇၈၇ သန်းနှင့် ၃.၀၉ ရာခိုင်နှုန်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ကျပ် ၄၇,၈၅၂.၈၂၂ သန်း နှင့် ၂၄.၆၉ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်း (၂၇) ခုအနက် ပထမ (၆) လပတ်အတွင်း (၂၀) ခုအတွက် ခွင့်ပြုငွေအပေါ် ၂၆.၄၁ ရာခိုင်နှုန်းသုံးစွဲခဲ့ပြီး ကျိုင်းခမ်း ရေလှောင်တမံ လုပ်ငန်းစီမံကိန်းမှ ၉၆.၄၀ ရာခိုင်နှုန်းနှင့် ကြီးအုံကြီးဝရေလှောင်တမံ၏ အကျယ် (၄၅၀) ပေ ရှိသော အကူရေပိုလွှဲ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းမှ ၉၈.၅၃ ရာခိုင်နှုန်း သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မုန်းချောင်းရေလှောင်တမံ၏ အကျယ် (၂၂၀) ပေ ရှိသော အကူရေပိုလွှဲ ဖြည့်စွက်တည်ဆောက်ခြင်း လုပ်ငန်းစီမံကိန်းမှ ၄၉.၉ ရာခိုင်နှုန်း၊ တောင် နဝင်းရေသောက်စနစ် တူးမြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်း စီမံကိန်းမှ ၆၂.၈၄ ရာခိုင်နှုန်း၊ မြောက်နဝင်းရေသောက်စနစ် တူးမြောင်းများ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း စီမံကိန်းမှ ၄၆.၉၃ ရာခိုင်နှုန်း နှင့် ထီးတော်မိုး မြစ်ရေတင် စီမံကိန်းမှ ၅၄.၃၆ ရာခိုင်နှုန်း

အသီးသီးသုံးစွဲထားပြီး ကျန်လုပ်ငန်းစီမံကိန်းများမှာ ၄၅ ရာခိုင်နှုန်းအောက် သုံးစွဲထားခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ Land Development စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ သီးနှံ ကာကွယ်ရေး ဌာနခွဲအောက်ရှိ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်း လုပ်ငန်း (၁၀) ခု အနက် ဖျက်ပိုးများကွင်းဆင်း စစ်တမ်းကောက်ယူခြင်း လုပ်ငန်း၊ သီးနှံရောဂါ များ ကွင်းဆင်း စစ်တမ်းကောက်ယူခြင်း၊ ပေါင်းပင်များ ကွင်းဆင်းစစ်တမ်း ကောက်ယူခြင်းနှင့် ကြွက်နှိမ်နင်းရေးအတွက် ကွင်းဆင်းစစ်တမ်း ကောက်ယူခြင်းစသည့် လုပ်ငန်း (၄) ခု တို့တွင် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်တိုးချဲ့ရေပေးရေး လုပ်ငန်းစီမံကိန်း၏ ခွင့်ပြုငွေအပေါ် ၉၇.၄၆ ရာခိုင်နှုန်း သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ပထမ (၆) လပတ်တွင် ကျပ် ၇၆,၁၆၅.၀၀၉ သန်း၊ ၁၇.၅၃ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၃,၇၉၁.၂၄၀သန်းနှင့် ၈.၆၂ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားမှ ကျပ် ၄၁,၂၄၇.၄၄၈ သန်းနှင့် ၁၈.၃၂ ရာခိုင်နှုန်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ကျပ် ၉,၆၈၆.၂၅၇ သန်းနှင့် ၉.၇၇ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကျပ် ၃,၁၂၁.၈၆၅ သန်းနှင့် ၂၂.၄၅ ရာခိုင်နှုန်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ကျပ် ၁၈၅.၀၄၈ သန်းနှင့် ၂၂.၁၀ ရာခိုင်နှုန်း၊ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းမှ ကျပ် ၁၈,၁၃၂.၇၅၁ သန်းနှင့် ၃၅.၂၆ ရာခိုင်နှုန်း၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ကျပ် ၀.၄ သန်းနှင့် ၁၀၀ ရာခိုင်နှုန်းတို့ အသီးသီးသုံးစွဲခဲ့ပြီးဖြစ်ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေများချိန်ဖြစ်၍ လုပ်ငန်းဆောင်ရွက်မှုနည်းပါး ခြင်းနှင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းမှ Micro Project လုပ်ငန်းများမှာ ရေများချိန်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသေးခြင်းနှင့် PMU သုံးထပ်ဆောင်

ဆောက်လုပ်ရန်အတွက် ဒီဇိုင်းနှင့် ကြီးကြပ်ကွပ်ကဲ မှုလုပ်ငန်းများအတွက် ၅၀ ရာခိုင်နှုန်းသာ ပေးချေရခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ODA Loan ဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေး လုပ်ငန်းများတွင်လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက်ပေးချေရခြင်း၊ Pilot Station သည်ပင်လယ် ပြင်တွင်ဆောင်ရွက်ရသော တည်ဆောက်ရေးလုပ်ငန်းဖြစ်သောကြောင့် လှိုင်းလေငြိမ်သောကာလ မှသာ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်နိုင်ခြင်း၊ အချို့သော လုပ်ငန်းများသည် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ လုပ်ငန်းပြီးစီးမှသာ ငွေပေးချေရခြင်းကြောင့် သုံးစွဲမှု လျော့နည်းခဲ့ပါသည်။

မြန်မာ့မီးရထား၏ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများတွင် လုပ်ငန်းများ တင်ဒါ ခေါ်ယူ ဆောင်ရွက်ခြင်း၊ လမ်းခင်းကျောက်များ ဝယ်ယူခြင်းအတွက် ငွေပေးချေရန် စီစဉ် ဆောင်ရွက် ခြင်း၊ လုပ်ငန်းစီမံကိန်းသစ်များတွင် ပြည်ပချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ အတွက် တင်ဒါများ စိစစ်ရွေးချယ်လျက်ရှိခြင်း၊ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အချို့ချေးငွေများအတွက် Consultant ငှားရမ်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း Telecommunications Sector Reform Project အား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက် သည့် Telecom Sector Reform Project မှ စီမံကိန်းဖြစ်သော E-Government Web Portal တည်ဆောက်ခြင်းအတွက် လိုအပ်သောစက်ပစ္စည်းများဝယ်ယူရာတွင် စာချုပ်အရ ငွေပေးချေနိုင်မှုမရှိခြင်း၊ Telecom Sector Reform Project အတွက် လိုအပ်သော Spectrum Management Aspects ငှားရမ်းခြင်းမှာ စာချုပ်ချုပ်ဆိုနေဆဲဖြစ်ခြင်း၊ Interconnection Expert နှင့် E-Government Delivery Unit အတွက် အကြံပေးငှားရမ်းရန် ဆောင်ရွက်နေဆဲ ကာလဖြစ်ခြင်း၊ Consultant Fee များ ပေးချေနိုင်ခြင်း မရှိခြင်းတို့ကြောင့် သုံးစွဲမှုလျော့နည်း ခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆက်သွယ်ရေး ကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် JICA ODA Loan မှ Consultant Fee အတွက် ချေးငွေထုတ်ယူ သုံးစွဲရန် ဝယ်ယူမည့် စက်ပစ္စည်းများကို တင်ဒါလုပ်ငန်းစဉ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ Myanmar Satellite Project သည် လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီးဖြစ်သော်လည်း ငွေပေးချေရန် ကျန်ရှိနေပါသဖြင့် EC သို့ တင်ပြထားပါသည်။

(ဂ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်း (၈) ခု အတွက် ခွင့်ပြု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁,၃၉၇.၄၈၄ သန်းအပေါ် ပထမ (၆) လပတ်တွင် ကျပ် ၄၁၈.၀၀၅ သန်း သုံးစွဲပြီးဖြစ်၍ ၂၉.၉၁ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။

သစ်တောဦးစီးဌာနမှ ရေသယံဇာတအရင်းအမြစ်များဘက်စုံ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း စီမံကိန်းမှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တနသ်ာရီ သဘာဝကြိုးဝိုင်းစီမံကိန်းတွင် ၂၃.၃၈ ရာခိုင်နှုန်း၊ အာဆီယံ - ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCo RETC) တည်ထောင်ခြင်းစီမံကိန်းတွင် ၂၃.၂၇ ရာခိုင်နှုန်း၊ ဟိမဝန္တာတောင်တန်းဒေသအတွင်း သစ်တော ပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများ အသုံးချတတ်စေခြင်း စီမံကိန်း (ICIMOD) တွင် ၃၄.၅၈ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ၏ REDD + လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ် ပတ်သက်သူများ စွမ်းဆောင်ရည်မြင့်မားရေးစီမံကိန်း (KFS REDD+)တွင် ၃၅.၁၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကာဗွန်တွက်ချက်ခြင်းနှင့် စောင့်ကြည့်လေ့လာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်မည့် REDD+ စီမံကိန်း (FFPRI) နှင့် အပင်မျိုးစိတ်နှင့် သစ်တောမျိုးစေ့များ ထိန်းသိမ်းစောင့်ရှောက်ခြင်း (KNA) စီမံကိန်းများတွင် လုပ်ငန်းစတင်ခြင်းမရှိသေးကြောင်း တွေ့ရှိရသဖြင့် သစ်တောဦးစီးဌာနအနေဖြင့် လုပ်ငန်းစီမံကိန်း (၇)ခု အတွက် ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၃၇၃.၀၂၈ သန်း၊ ၂၇.၈၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ထို့အတူ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် Sheffeld University နှင့် ပူးပေါင်း ဆောင်ရွက်သည့် မြန်မာ့ဆင်သုတေသန လုပ်ငန်းစီမံကိန်းမှာ ကျပ် ၄၄.၉၇၇ သန်း၊ ၇၅.၉၁ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်း သိရှိရပါသည်။

(ဃ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ပထမ (၆) လပတ်တွင် ကျပ် ၁၅၇,၆၇၅.၉၆၄ သန်း၊ ၃၉.၁ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရေအားလျှပ်စစ် အကောင်

အထည်ဖော်ရေးဦးစီးဌာနမှ ကျပ် ၂၀,၉၄၀.၅၇၂ သန်းနှင့် ၂၄.၀၂ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျပ် ၈၄,၀၅၈.၁၅၄ သန်းနှင့် ၃၄.၄၃ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ ကျပ် ၅၂,၆၇၇.၂၃၈ သန်း နှင့် ၇၃.၁၅ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပထမ(၆)လပတ်တွင် အသုံးစရိတ် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲပြီး လုပ်ငန်းစီမံကိန်းပေါင်း (၉) ခု၊ လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်း နှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး(၂၇) ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း (၆) ခု၊ ၃၀ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း (၃၉) ခု တို့ရှိကြောင်း တွေ့ရှိ ရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း (၂၁) ခု ရှိရာတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် အထက်ဘီလူးချောင်း စီမံကိန်းသည် Hydromechanical Work and Transmission line စက်ပစ္စည်းများအတွက် ချေးငွေ အသက်မဝင် (Loan Effective) သေးသဖြင့်လည်းကောင်း၊ လျှပ်စစ် ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ (၅၀၀) ကေဗွီ တောင်ငူ-ကမာနတ်ဓာတ်အားလိုင်းစီမံကိန်းသည် EDCF ချေးငွေကို ယခုအချိန်အထိ ထုတ်ယူသုံးစွဲနိုင်မှု မရှိခြင်း၊ (၆၆) ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း (၃) ခုသည် နယ်မြေဒေသအေးချမ်း တည်ငြိမ်မှု မရှိသဖြင့် ခေတ္တရပ်နားခဲ့ရခြင်း၊ (၆၆) ကေဗွီ ဓာတ်အားလိုင်းနှင့် ခွဲရုံများစီမံကိန်း (၆) ခု သည် လုပ်ငန်းသုံး လက်ကျန်ငွေ ပေးချေရန် စီစဉ် ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် ဓာတ်အားခွဲရုံများ၏ လုပ်ငန်းခန့်မှန်းခြေစာရင်းများ စိစစ်နေခြင်း၊ National Power Transmission Network Development Project Phase I & II (Japan ODA Loan) သည် ချေးငွေထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ ငွေပေးချေရန် စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ စစ်ဆေးလက်ခံမှုများ စီစဉ်ဆောင်ရွက်နေဆဲတို့ ဖြစ်ပါသည်။

(င) **စက်မှုဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်း များ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ်တွင် ပထမ(၆)လပတ်တွင် ကျပ် ၂၅,၂၇၆.၈၆၉ သန်း၊ ၄၀.၈၀ ရာခိုင်နှုန်းသုံးစွဲပြီး ဖြစ်ပါသည်။ အမှတ်(၁) အကြီးစားစက်မှု လုပ်ငန်းမှ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)လုပ်ငန်းစီမံကိန်းအတွက် ငွေလုံးငွေရင်း အသုံး စရိတ် ကျပ် ၂၄,၅၅၁.၈၃၅ သန်းနှင့် ၄၅.၄၂ ရာခိုင်နှုန်း သုံးစွဲပြီး ဖြစ်ပါသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုနယ်မြေ(သထုံ)သည် လုပ်ငန်းစီမံကိန်းများ အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄၆၅.၉၃၂ သန်းနှင့် ၂၆.၈၉ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ပါသည်။ ထို့သို့ လျော့နည်းသုံးစွဲရခြင်းမှာ ယခင်ကော့စတစ်ဆိုဒါစက်ရုံ(သထုံ) ကို စက်မှုနယ်မြေ (သထုံ)အဖြစ် ပြောင်းလဲဆောင်ရွက်ရန် EOI ခေါ်ယူနေဆဲဖြစ်ပြီး စက်မှုလုပ်ငန်းများ ဝင်ရောက်လာပါက စက်ရုံများအတွက် လိုအပ်မည့် အခြေအခံအဆောက်အဦများ၊ မီးလိုင်းများ၊ ရေလိုင်းနှင့်လမ်းများ တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူ စိစစ်ရွေးချယ်နေဆဲဖြစ်၍ လျော့နည်းရခြင်းဖြစ်ပါသည်။သတင်းစာစက္ကူစက်ရုံ(သာပေါင်း)မှ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၅၉.၁၀၂ သန်းနှင့် ၄.၂၀ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ပါသည်။ ထို့သို့ လျော့နည်းသုံးစွဲရခြင်းမှာ FAC Test Run အား ဆောင်ရွက်ပြီးဖြစ်သော်လည်း FAC ထုတ်ပေးရန် စိစစ်ဆဲကြောင့်ဖြစ်ပါသည်။

**(စ) ဆောက်လုပ်ရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ပထမ (၆) လပတ်တွင် ကျပ် ၁,၂၁၄.၀၇၁ သန်း၊ ၁၀.၂၀ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်း (၆)ခုအနက် ဇေယျာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းတွင် ၄၁.၇၈ ရာခိုင်နှုန်း သုံးစွဲထားပြီး လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းများကိုသာ ဆောင်ရွက်ပြီးစီးကြောင်းတွေ့ရှိရပါသည်။ ကျန်စီမံကိန်းများဖြစ်သည့် ကျန်စစ်မင်းတန်ဘိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)နှင့် အပိုင်း(၂)၊ ယုဇနတန်ဘိုးနည်းအိမ်ရာ စီမံကိန်း အပိုင်း(၂)နှင့် အပိုင်း(၃)၊ ရိုးမတန်ဘိုးနည်းအိမ်ရာ စီမံကိန်း၊ မြရည်နန္ဒာအိမ်ရာ စီမံကိန်းနှင့် လုပ်ငန်းစီမံကိန်းသစ်မှ ယုဇနဥယျာဉ်မြို့တော်အိမ်ရာတို့မှ လုပ်ငန်းအချို့မှာ တင်ဒါခေါ်ယူရန် စီစဉ်ထားခြင်းနှင့် အချို့မှာ တင်ဒါခေါ်ယူပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်းတို့ကြောင့် မသုံးစွဲရသေးခြင်းဖြစ်ပါသည်။ လုပ်ငန်းစီမံကိန်းသစ် (၂) ခု အနက် နေပြည်တော်ရွှေနံ့သာ အိမ်ရာစီမံကိန်းတွင် ၄၄.၅၇ ရာခိုင်နှုန်း သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုဝန်ကြီးဌာန(၆)ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်နိုင်မှု အခြေအနေ အသေးစိတ် စာရင်းများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

# ဇယား (၃-၁ )

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ပထမ (၆) လပတ် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | လျာထားချက် (BE) | (ဧပြီလ မှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန** | **၁၅၂၉၁၅.၆၇၀** | **၄၀၃၇၉.၅၈၄** | **၂၆.၄၀%** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၅၂,၉၁၅.၆၇၀** | **၄၀,၃၇၉.၅၈၄** | **၂၆.၄၀%** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၃၆,၂၁၅.၂၇၀** | **၄၀,၃၇၅.၃၅၃** | **၂၉.၆၄%** | |
| | | | ၁ | ခေါင်းတုံ(စွန်ပိ)ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်း | ၄၀၀.၀၀၀ | ၈၆.၂၇၈ | ၂၁.၅၇% | ၂၀၁၃-၂၀၁၄ |
| | | | ၂ | ပေါင်းလောင်းတမံ+ရေလွှဲဆည် | ၁,၅၀၀.၀၀၀ | ၇၄၈.၉၀၅ | ၄၉.၉၃% | ၂၀၀၅-၂၀၀၆ |
| | | | ၃ | မဒန်းရေလှောင်တမံ | ၃၀၀.၀၀၀ | ၀.၄၇၅ | ၀.၁၆% | ၂၀၀၃-၂၀၀၄ |
| | | | ၄ | ကျိုင်းခမ်းရေလှောင်တမံ | ၅,၀၀၀.၀၀၀ | ၄,၈၁၉.၉၄၅ | ၉၆.၄၀% | ၂၀၀၅-၂၀၀၆ |
| | | | ၅ | ကညင်ရေလှောင်တမံ | ၈၀၀.၀၀၀ | ၂၉၃.၁၂၆ | ၃၆.၆၄% | ၂၀၀၂-၂၀၀၃ |
| | | | ၆ | ရွှေမြစ်နှင့်ပြာမလော့မြစ်ကြားရေငန်တားဆောင်ရွက်ခြင်း | ၇၀၀.၀၀၀ | | | ၂၀၀၂-၂၀၀၃ |
| | | | ၇ | ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (နည်းပညာပူးပေါင်းဆောင်ရွက်မှု) | ၃၀၀.၀၀၀ | ၅၁.၈၆၄ | ၁၇.၂၉% | နှစ်စဉ် |
| | | | ၈ | ဆောင်ရွက်ရန်စီမံကိန်းသစ်များအတွက်စူးစမ်းလေ့လာခြင်း | ၅၀၀.၀၀၀ | ၁၀၆.၁၄၉ | ၂၁.၂၃% | နှစ်စဉ် |
| | | | ၉ | အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝလုပစီမံးလန်းစိုပြည်ရေးလုပ်ငန်း | ၅၀၀.၀၀၀ | ၁၆၆.၉၄၃ | ၃၃.၃၉% | နှစ်စဉ် |
| | | | | (b)MOGE GRS မှ ကျောခတ်အားခွဲရုံသို့ ၆" သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ၈.၂၅ မိုင်ပိုက်လိုင်းသွယ်တန်းခြင်းနှင့် GRS တပ်ဆင်မှုစရိတ်စကများ | ၇၀၀.၀၀၀ | | | |
| | | | ၂ | အပူစွမ်းအင်သုံးစက်ရုံများ၏ စက်ပစ္စည်းများတပ်ဆင်ခြင်း နှင့်သယ်ယူပို့ဆောင်မှုစရိတ်စကများ၊အခွန်အခများ | ၅.၀၀၀ | ၄.၂၀၃ | ၈၄.၀၆% | |
| | | | ၃ | ဘဏ်စရိတ်များ | ၁.၅၀၀ | | | |
| | | | | **စုစုပေါင်း** | **၄၀၃,၃၁၁.၃၆၉** | **၁၅၇,၆၇၅.၉၆၄** | **၃၉.၁၀%** | |

## ဇယား (၃-၅)

## စက်မှုဝန်ကြီးဌာန

## ပထမ (၆) လပတ် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | အကြောင်းအရာ | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | **အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း** | **၅၄,၀၅၂.၉၈၅** | **၂၄,၅၅၁.၈၃၅** | ၄၅.၄၂% | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | | ၁ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | ၅၄,၀၅၂.၉၈၅ | ၂၄,၅၅၁.၈၃၅ | ၄၅.၄၂% | Phase 2-2011<br>Phase 2A-2012 |
| ၂ | | | **အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း** | **၇,၉၀၂.၇၆၀** | **၇၂၅.၀၃၄** | ၉.၁၇% | |
| | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | | | | |
| | | ၁ | စက်မှုနယ်မြေ(သထုံ) | ၁,၇၃၂.၅၈၉ | ၄၆၅.၉၃၂ | ၂၆.၈၉% | ၂၀၁၄-၂၀၁၅ |
| | | ၂ | သတင်းစာစက္ကူစက်ရုံ(သာပေါင်း) | ၆,၁၇၀.၁၇၁ | ၂၅၉.၁၀၂ | ၄.၂၀% | ၆.၈.၂၀၀၈ |
| | | | စုစုပေါင်း | ၆၁,၉၅၅.၇၄၅ | ၂၅,၂၇၆.၈၆၉ | ၄၀.၈၀% | |

## ဇယား (၃-၆)

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## ပထမ (၆) လပတ် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | | **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** | ၁၁၉၀၅.၉၁၁ | ၁၂၁၄.၈၇၁ | ၁၀.၂၀% | |
| | | **လုပ်ငန်းစီမံကိန်းများ** | ၁၁၉၀၅.၉၁၁ | ၁၂၁၄.၈၇၁ | | |
| ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၆၄၈၁.၂၁၁ | ၉၉၇.၅၁၁ | | |
| | ၁ | **ရွှေဝဏ်၊ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း** Infrastructure | ၂၃၈၇.၅၁၁ | ၉၉၇.၅၁၁ | ၄၁.၇၈% | ၂၀၁၃-၁၄ |
| | ၁ | ရွှေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း Parcel-G ကွန်ကရစ်လမ်းခင်းခြင်း | ၃၀၀.၀၀၀ | | | ၂၀၁၃-၁၄ |
| | ၂ | ရွှေဝဏ်၊ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းအတွင်းရိုးဟောင်းချဲ့ခြင်း | ၄၀.၀၀၀ | | | ၂၀၁၃-၁၄ |
| | ၃ | ရွှေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၄၅၀.၀၀၀ | | | ၂၀၁၃-၁၄ |
| | ၄ | ရွှေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလျှပ်စစ်ဓါတ်အားရရှိရေး ၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀) အမ်ဗွီအေ ဓါတ်အားခွဲရုံတည်ဆောက်ခြင်း | ၃၀၃.၅၁၁ | ၃၀၃.၅၁၁ | ၁၀၀.၀၀% | ၂၀၁၄-၁၅ |
| | ၅ | ရွှေဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလျှပ်စစ်ဓါတ်အားရရှိရေး ၂၃၀ ကေဗွီ၊ ဓါတ်အားလိုင်း တည်ဆောက်ခြင်းခွဲရုံတည်ဆောက်ခြင်း | ၆၉၄.၀၀၀ | ၆၉၄.၀၀၀ | ၁၀၀.၀၀% | ၂၀၁၄-၁၅ |
| | ၆ | စည်ပင်ရေပိုက်ဆက်သွယ်ခြင်း Incoming Main Pipe Line | ၆၀၀.၀၀၀ | | | ၂၀၁၄-၁၅ |

ဇယား ( ၃-၆ ) အဆုံး

## ဆောက်လုပ်ရေးဝန်ကြီးဌာန


## ပထမ (၆) လပတ် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | အကြောင်းအရာ | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၂ | **ကျိုက်စစ်မင်းတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း-Infrastructure** | **၁၂၄၃.၇၀၀** | | | **၂၀၁၄-၂၀၁၅** |
| | ၁ | လှိုင်သာယာမြို့နယ်၊ ကျိုက်စစ်မင်းအပိုင်း(၁) တန်ဘိုးနည်းအိမ်ရာ စီမံကိန်း လျှပ်စစ်ဓါတ်အား ရရှိရေးလုပ်ငန်း (၁၁/၀.၄)ကေဗွီ ဓါတ်အားခွဲရုံနှင့် ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓါတ်အားလိုင်းတည်ဆောက်ခြင်း | ၃၂၃.၇၀၀ | | | ၂၀၁၄-၂၀၁၅ |
| | ၂ | လှိုင်သာယာမြို့နယ်၊ ကျိုက်စစ်မင်းအပိုင်း(၁) Ground Tank ဆောက်ခြင်း၊ Tube Well တူးခြင်း၊ရေတွန်းစက်များတပ်ဆင်ခြင်းရေဝေပိုက်လိုင်းနှင့် လျှပ်စစ်လိုင်းများသွယ်တန်းခြင်း | ၆၂၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | ၃ | ကျိုက်စစ်မင်းတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂) Infrastructure လုပ်ငန်းများ | ၃၀၀.၀၀၀ | | | ၂၀၁၇ |
| | ၃ | **ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)** | **၈၅၀.၀၀၀** | | | **၂၀၁၅-၂၀၁၆** |
| | ၁ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂) Infrastructure လုပ်ငန်း | ၁၃၀.၀၀၀ | | | ၂၀၁၇ |
| | ၂ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း (၂) လျှပ်စစ်လုပ်ငန်း (၆၆/၁၁) ကေဗွီ (၂၀)အမ်ဗွီအေဓာတ်အားခွဲရုံ (additional work) (၁၁/၀.၄) ကေဗွီဓာတ်အားခွဲရုံနှင့် ၁၁ကေဗွီ၊ ၄၀၀ဗို့ ဓာတ်အားလိုင်း တည် ဆောက်ခြင်း | ၇၂၀.၀၀၀ | | | ၂၀၁၇ |
| | ၄ | **ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း (၃)** | **၃၀၀.၀၀၀** | | | **၂၀၁၅-၂၀၁၆** |
| | ၁ | ယုဇနတန်ဘိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၃)Infrastructure လုပ်ငန်း | ၃၀၀.၀၀၀ | | | ၂၀၁၇ |
| | ၅ | **ရိုးမတန်ဘိုးနည်းအိမ်ရာစီမံကိန်း** | **၂၀၀.၀၀၀** | | | **၂၀၁၅-၂၀၁၆** |
| | ၁ | ရိုးမတန်ဘိုးနည်းအိမ်ရာစီမံကိန်း Infrastructure လုပ်ငန်းများ | ၂၀၀.၀၀၀ | | | ၂၀၁၅-၂၀၁၆ |
| | ၆ | **မြရည်နန္ဒာအိမ်ရာစီမံကိန်း** | **၆၀၀.၀၀၀** | | | **၂၀၁၆-၂၀၁၇** |
| | ၁ | ၃၃ ကေဗွီ၊ ဓါတ်အားလိုင်းလုပ်ငန်း | ၆၀၀.၀၀၀ | | | ၂၀၁၇ |
| | ၇ | **၆၆ကေဗွီ၊ နှစ်ထပ်ဓါတ်အားလိုင်း (၂၃၀ ကေဗွီ ဒဂုံအရှေ့ ဓါတ်အားခွဲရုံမှ ဒဂုံအရှေ့စက်မှုဇုန်အထိ)သွယ်တန်းခြင်း** | **၉၀၀.၀၀၀** | | | |
| ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၅၄၂၄.၇၀၀** | **၂၁၆.၅၆၀** | | |
| | ၁ | **နေပြည်တော်ရွှေနံ့သာအိမ်ရာစီမံကိန်း** | **၄၄၈.၇၀၀** | **၂၀၀.၀၀၀** | **၄၄.၅၇%** | **၂၀၁၇-၂၀၁၈** |
| | ၁ | နေပြည်တော်၌ ပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းအတွက် ရွှေနံ့သာအိမ်ရာစီမံဝန်းအတွင်း Infraလုပ်ငန်းများဆောင်ရွက်ခြင်း | ၂၃၇.၂၀၀ | ၁၁၀.၀၀၀ | ၄၆.၃၇% | |
| | ၂ | ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်(၈)ခန်းတွဲ (၅)ထပ် (၂)လုံးတွင် လျှပ်စစ်ဓါတ်အားရရှိရေးအတွက် (၁၁/၀.၄) ကေဗွီဓါတ်အားခွဲရုံ (၁)ရုံနှင့် ဓါတ်အားလိုင်းတည်ဆောက်ခြင်း | ၄၆.၅၀၀ | ၃၀.၀၀၀ | ၆၄.၅၂% | |
| | ၃ | စည်ပင်ရေပိုက်ဆက်သွယ်ခြင်း (Main Pipe Line) | ၁၆၅.၀၀၀ | ၆၀.၀၀၀ | ၃၆.၃၆% | |
| | ၂ | **ယုဇနဥယျာဉ်မြို့တော်အိမ်ရာ** | **၄၉၇၆.၀၀၀** | **၁၆.၅၆၀** | **၀.၃၃%** | **၂၀၁၇** |
| | | ယုဇနဥယျာဉ်မြို့တော်အိမ်ရာအတွင်း<br>(၁)Plain Concrete (၂၂' x ၁၂" ထု) ၃၂၀၀'၊<br>(၂)RC (၂၂' x ၈" ထု) ၅၄၅၇၀' လမ်းခင်းခြင်း<br>(၃)အုတ်ရေမြောင်း(၂' x ၃')၂၆၇၀၀ နှင့် (၁' ၅" x ၂' ၅")<br>၈၅၆၄၀' တည်ဆောက်ခြင်း<br>(၄)Box Culvert (၃၈)စင်း တည်ဆောက်ခြင်း | ၄၉၇၆.၀၀၀ | ၁၆.၅၆၀ | ၀.၃၃% | |
| | | **စုစုပေါင်း** | **၁၁၉၀၅.၉၁၁** | **၁၂၁၄.၀၇၁** | **၁၀.၂၀%** | |

# အခန်း(၄)
# တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

## ကချင်ပြည်နယ်





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ်-၂၃ ဒီဂရီ ၃၈မိနစ်မှ ၂၈ဒီဂရီ ၁၅မိနစ်အတွင်း။<br>အရှေ့လောင်ဂျီတွဒ်-၉၅ဒီဂရီ၁၂မိနစ်မှ ၉၈ ဒီဂရီ ၄၅ မိနစ် အတွင်း။ |
| အကျယ်အဝန်း | = ၃၄,၃၇၉.၂၂ စတုရန်းမိုင်<br>၂၂,၀၀၂,၇၀၃ ဧက |
| လူဦးရေ | = ဦးရေ ၁,၈၃၀ (ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်<br>နှစ်လယ် လူဦးရေ) |
| မြို့တော် | = မြစ်ကြီးနားမြို့ |
| ခရိုင် | = ၄ ခရိုင် (မြစ်ကြီးနား၊ဗန်းမော်၊ မိုးညှင်း၊ ပူတာအို) |
| မြို့နယ် | = ၁၈ မြို့နယ် |
| အဓိကစီးပွားရေး | = လယ်ယာ ၊ သတ္တု ၊ ကုန်သွယ်မှု |
| ထူးခြားနေရာများ | = ကျောက်စိမ်းပြတိုက် (ဖားကန့်)<br>အင်းတော်ကြီး ရွှေမဥ္ဇူဘုရား (မိုးညှင်း)<br>လန်နရေတံခွန် (ဗိုင်းမော်)<br>မေခ. မလိခမြစ်ဆုံ ၊(မြစ်ကြီးနား)<br>ရေခဲတောင်များ၊ (ပူတာအို)<br>ကောင်းမှုလုံဘုရား (ပူတာအို) |
| ဆက်စပ်ဒေသ | = အရှေ့- ရှမ်းပြည်နယ် ၊တရုတ်နိုင်ငံ<br>အနောက် - အိန္ဒိယနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊<br>တောင် - စစ်ကိုင်းတိုင်းဒေသကြီး<br>မြောက် - တရုတ်နိုင်ငံ |


၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၁,၆၅၃,၉၆၂.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)

ကချင်ပြည်နယ်၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄၇၃,၈၂၃.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄-၃)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကချင်ပြည်နယ်သည် ပုံမှန်ဈေးနှုန်းများအရ ၆.၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါ သည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အစေ့ထုတ်ပြောင်း၊ဖူးစားပြောင်း၊ပဲစင်းငုံ၊ မိုးနှမ်း၊မိုးမြေပဲတို့၏ ထွက်ရှိမှုလျော့နည်းခဲ့ပါသည်။ အသားကဏ္ဍတိုးတက်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကာကွယ်ဆေးများထိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသားပေါက်များဖြန့်ဖြူးပေးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်သစ်ထုတ်လုပ်မှုတွင် ကန့်သတ်မှုဘောင်အတွင်းမှ ထုတ်လုပ်ရသောကြောင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုလျော့နည်းခဲ့ပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ပုဂ္ဂလိကပိုင် ကျောက်စိမ်း(ကျောက်မျက်) ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိက အသေးစားလုပ်ငန်းများ ဖြစ်သည့် ပရဆေး၊ ကျားမချည်ချောလုံချည်၊ အုတ်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများ တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကျေးလက်မီးလင်းရေး အတွက် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၃၄၀ ရွာ၊ ဒီဇယ်စက်ဖြင့် ၃၅ ရွာ၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၁၇၉ ရွာ၊ ဆိုလာစနစ်ဖြင့် ၂၂၈ ရွာ၊ စပါးခွံလောင်စာဖြင့် ၃ ရွာ၊ စုစုပေါင်း ၈၁၄ ရွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နမ့်ထွမ်ရေအား လျှပ်စစ်စီမံကိန်းမှ ဆောက်လုပ်ရေးလုပ်ငန်းများအား ၆၄.၄ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ခဲ့ ပါသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြစ်သော တယ်လီနော နှင့် အော်ရီဒူး ကုမ္ပဏီများ၏ တယ်လီဖုန်းခေါ်ဆိုမှုများ တိုးတက်ခဲ့ပါသည်။ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်မှ နယ်စပ် ကုန်သွယ်ရေးစခန်းများအနေဖြင့် ကုန်ပစ္စည်းများ တင်ပို့ခြင်းနှင့် တင်သွင်းမှုဆိုင်ရာ ကုန်သွယ်မှု လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

## ကယားပြည်နယ်





| | |
|---|---|
| **တည်နေရာ** | = မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၉ မိနစ်မှ ၁၉ ဒီဂရီ ၅၇ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ်မှ ၉၇ ဒီဂရီ ၅၃ မိနစ် အတွင်း |
| **အကျယ်အဝန်း** | = ၄,၅၂၉.၅၆စတုရန်းမိုင်၊ ၁၁,၇၃၀.၇စတုရန်းကီလိုမီတာ၊ ၂,၈၉၈,၉၂၁ ဧက |
| **လူဦးရေ** | = ဦးရေ ၃၁၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| **မြို့တော်** | = လွိုင်ကော်မြို့ |
| **ထူးခြားအမှတ်အသား** | = တောင်ကွဲစေတီ |
| **ခရိုင်** | = လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင် |
| **မြို့နယ်** | = ၇ မြို့နယ် |
| **အဓိကစီးပွားရေး ကဏ္ဍ** | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ |
| **ဆက်စပ် ဒေသများ** | = မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက် တွင် ကရင်ပြည်နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၀၁,၉၉၁.၅ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကယားပြည်နယ်)

ကယားပြည်နယ်၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀၂,၉၈၅.၃ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၄.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများ**အရ ၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၆)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကယားပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကယားပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ဂ.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍတို့သည် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

မိုးစပါး ၈၂,၇၁၈ ဧက၊ နွေစပါး ၃,၂၄၇ ဧက၊ အစေ့ထုတ်ပြောင်း ၅၇,၆၂၃ ဧက၊ စိုက်ပျိုးခဲ့ပါသည်။ အထူးသဖြင့် အစေ့ထုတ်ပြောင်း သိသိသာသာ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကောင်းမျိုးသန့်များဖြစ်သည့် တရုတ်မွှေးစပါး ၉၇ တင်းနှင့် ရွှေရင်အေးစပါး ၁,၈၈၅ တင်း၊ ကယားလုံးသွယ်စပါးမျိုး ၉၇၅ တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့်လည်း စိုက်ပျိုးစရိတ်ချေးငွေ၊ ငါးမွေးမြူရေးများအတွက် ထုတ်ချေးပေးနိုင်ခဲ့

ပါသည်။ ဝက်မျိုးကောင်းများ၊ ဆိတ်မျိုးသန့်များနှင့် နို့စားနွားမများ ဝယ်ယူဖြန့်ပေးခဲ့ပါသည်။ မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းဖြင့် မွေးမြူရေး အစုအဖွဲ့ ၁၁၅ ဖွဲ့ ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု ၉ အုပ်စုအား အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်နယ်တွင် ရပ်ကွက် ၃၇ ခု၊ ကျေးရွာပေါင်း ၅ဝ၆ ရွာရှိပြီး လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဓာတ်အားစနစ်ဖြင့် ၃၅၇ ရွာ၊ ဆိုလာစနစ်ဖြင့် ၈၉ ရွာ၊ ဒီဇယ်စနစ်ဖြင့် ၂ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၁ ရွာ စုစုပေါင်း ၄၄၉ ရွာ မီးလင်းပြီး ဖြစ်ပါသည်။ ကယားပြည်နယ်တွင် ပြည်တွင်းကုမ္ပဏီ ၃ ခုတို့မှ ကျေးရွာပေါင်း ၄၉ ရွာသို့ အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း/ တံတားလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ရုံးအဆောက်အဦတည်ဆောက်ခြင်း၊ အသေးစားငွေကြေးလုပ်ငန်း၊ မြစိမ်းရောင်စီမံကိန်း၊ CDD စီမံကိန်း၊ LIFT fund စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြစီမံကိန်းများရေးဆွဲခြင်းနှင့် ဝန်ထမ်းများနေထိုင်ရေးအတွက် လွိုင်ကော်မြို့တွင် ၁၉၈ ခန်း၊ ဒီးမော့ဆိုမြို့တွင် ၈ ခန်း၊ ဘောလခဲမြို့တွင် ၇၁ ခန်း၊ စုစုပေါင်း ၂၂၇ ခန်းကို စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်း ကောင်းမွန်လျက်ရှိပြီး MNA လေကြောင်းလိုင်းမှ နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိပါသည်။ ခရီးသွားလာရေးလုပ်ငန်းတွင် ဟိုတယ် ၄ လုံး၊ အခန်း ၁၃၆ ခန်း ထပ်တိုးလာပါသည်။ ပြည်တွင်းခရီးသွား ၁၁,၄၈၆ ဦး၊ ပြည်ပခရီးသွား ၁,၈၁၇ ဦးခန့် ဝင်ရောက်လာခဲ့ပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မြဝတီ နှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများကြောင့် ကုန်စည်စီးဆင်းမှုများ တိုးတက်ခဲ့ပါသည်။

## ကရင်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀မိနစ်မှ ၉၈ ဒီဂရီ ၅၅ မိနစ် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ်မှ ၁၉ ဒီဂရီ ၂၅ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၁,၇၃၀.၈၅(စတုရန်းမိုင်) ၇,၅၀၇,၇၃၃ (ဧက) |
| လူဦးရေ | = | ဦးရေ ၁,၅၉၃ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊နှစ်လယ် လူဦးရေ) |
| မြို့တော် | = | ဘားအံမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ဇွဲကပင်တောင်(ဘားအံမြို့နယ်) |
| ခရိုင် | = | (၄)ခရိုင်(ဘားအံ၊ မြဝတီ၊ ဖာပွန်၊ ကော့ကရိတ်) |
| မြို့နယ် | = | (၇)မြို့နယ် |
| စီးပွားရေးကဏ္ဍ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်၊တောင်ဘက်တွင် မွန်ပြည်နယ်၊မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ**ကျပ် ၁,၆၅၅,၆၀၃.၉ သန်းအကောင်အထည် ဖော်ရန်နှင့်**ပုံမှန်ဈေးနှုန်းများ** အရ ၆.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)

ကရင်ပြည်နယ်၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရကျပ် ၄၅၁,၀၀၆.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၂၇.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ (၄-၉)
### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကရင်ပြည်နယ်)


### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကရင်ပြည်နယ်သည် ပုံမှန်ဈေးနှုန်းများအရ ၅.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ် ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သစ်တောကဏ္ဍနှင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ နုန်းသွင်းမြောင်းများ ပြင်ဆင်ခြင်း၊ ရေသွင်း/ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သဘာဝ ချောင်း/ရိုးဟောင်း ပြန်လည်တူးဖော်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်း၊ ချောင်းပိတ်/ မြောင်းပိတ်လုပ်ငန်းများ၊ သဲအိတ်ချ ယာယီရေတားတမံများ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေဘေး ကာကွယ်ရေးအတွက် ၄,၄၉၂ ဧကနှင့် စိုက်ပျိုးရေရရှိရေးအတွက် ၁၅,၁၇၂ ဧကအား အကျိုးပြု နိုင်မည်ဖြစ်ပါသည်။ ပုဂ္ဂလိက အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ အနေဖြင့် ဘားအံမြို့တွင် အထပ်မြင့်အိမ်ခန်းများ၊ ကွန်ဒိုအိမ်ခန်းများနှင့် လုံးချင်းအိမ်များ ပါဝင်သော ရွှေဖားစည်

အဆင့်မြင့်အိမ်ရာ (၁)၊ (၄) ခန်းတွဲ (၅) ထပ် ရွှေဖားစည်အဆင့်မြင့်အိမ်ရာ (၂) နှင့် အေးချမ်းသာယာလုပ်သား ကျေးရွာတွင် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ပြည်နယ်အတွင်း လာရောက်လည်ပတ်သည့် နိုင်ငံခြားသားဦးရေမှာ ပထမ(၆)လပတ်တွင် ၉၅,၀၀၀ ခန့် ရှိပါသည်။ သံတောင်ကြီး မြို့တွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခို နိုင်ရန်အတွက် နံနက်စာနှင့် အိပ်ရာတို့ စီစဉ်ပေးနိုင်သည့် (Bed and Breakfast) ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်း ၇ ခုအား ခွင့်ပြုပေးခဲ့ပါသည်။

## ချင်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်-(၂၀)ဒီဂရီ(၄၀)မိနစ် နှင့်(၂၄) ဒီဂရီ ၀၉ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ်-(၉၂)ဒီဂရီ(၃၆)မိနစ် နှင့် (၉၄)ဒီဂရီ (၀၈) မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၃၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း ၈၉၀၀၄၅၉ - ဧက |
| လူဦးရေ | = | ဦးရေ - ၅၀၈ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ဟားခါးမြို့ |
| ခရိုင် | = | ( ၃ ) ခရိုင်(ဟားခါး၊ ဖလမ်း၊ မင်းတပ်) |
| မြို့နယ် | = | ( ၉ ) မြို့နယ် |
| မြို့ | = | (၁၃) မြို့ |
| အဓိကစီးပွားရေး | = | စိုက်ပျိုးမွေးမြူခြင်း |
| ဆက်စပ်ဒေသ | = | အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီး<br>မကွေးတိုင်းဒေသကြီး<br>အနောက်ဘက် - အိန္ဒိယနိုင်ငံ<br>ဘင်္ဂလားဒေ့ရှ်<br>တောင်ဘက် - ရခိုင်ပြည်နယ်<br>မြောက်ဘက် - အိန္ဒိယနိုင်ငံ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၉၃,၂၀၁.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၁၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)

ချင်းပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၁၂,၉၇၇.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၂)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ချင်းပြည်နယ်သည် ပုံမှန်ဈေးနှုန်းများအရ ၁.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သားငါးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သစ်တောကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ထောပတ်ပဲနှင့်ပဲပုပ်တို့သည် ယခင်နှစ်၌ မိုးဦးရာသီတွင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်၌ မိုးလယ်ရာသီမှသာ စိုက်ပျိုးသဖြင့် ရိတ်သိမ်းမှုမရှိသေးသောကြောင့် အထွက် လျော့နည်း ခဲ့သော်လည်း မိုး(နှမ်း) နှင့် မြန်မာဆေးကို ယခင်နှစ်ထက်စောပြီး စိုက်ပျိုးခဲ့ပါသည်။ သစ်တောကဏ္ဍမှ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ အင်တွဲ-ပွဲညက်နှင့် ခနဲ-သက်ငယ်တို့၏ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ ခိုင်ကမ်း၊ မင်းတပ်၊ ကန်ပက်လက်မြို့များသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား တိုက်ရိုက်ရရှိနေပြီ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်း

တွင်လည်း ပြည်နယ်အစိုးရသီးသန့်ရန်ပုံငွေ၊ NGO, INGO အဖွဲ့ အကူအညီများဖြင့် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေး ဆပ်ကော်မတီများဖွဲ့စည်း၍ ဒီဇယ်ဓာတ်အားပေးစက်၊ ဆိုလာမီး၊ ဇီဝလောင်စာသုံးဓာတ်အားပေးစက်များဖြင့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းအနေဖြင့် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်နှင့် ဟားခါးမြို့ရှိသမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ဖလမ်းမြို့ရှိ ကမ္ဘောဇဘဏ်တို့မှ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၂၁ဒီဂရီ ၃၅မိနစ် မှ ၂၇ဒီဂရီ ၂၂မိနစ်၊ အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၀ မိနစ် မှ ၉၇ဒီဂရီ ၀၈မိနစ်၊ |
| အကျယ်အဝန်း | = | ၃၆,၁၇၈.၇၂ စတုရန်းမိုင် ၂၃,၁၅၄,၃၈၂ဧက |
| လူဦးရေ | = | ဦးရေ - ၅,၄၉၁ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မုံရွာမြို့ |
| ထူးခြားမှတ်သား | = | ကောင်းမှုတော်စေတီ |
| ခရိုင် | = | (၁၀) ခရိုင် |
| မြို့နယ် | = | (၃၇) မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | = | (၁) ခု (နာဂဒေသ) |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ရှမ်းပြည်နယ် မြောက်ပိုင်း၊အရှေ့တောင်ဘက် တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊တောင်ဘက် တွင်မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ချင်း ပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် စစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၈၂၁,၂၁၁.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၁၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)

စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၂၂၆,၄၅၉.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများ**အရ ၁၂.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၅)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၁၂.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ငှားရမ်းခ နှင့် အခြား ဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သစ်တောကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍတို့သည် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

ချည်မျှင်ရှည်ဝါ (ငွေချည် ၆) ၂,၄၀၃၂ ဧက၊ ချည်မျှင်ရှည်ဝါ (ငွေချည် ၉) ၇,၁၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးသည်းထန်စွာ ရွာသွန်း၍ ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် သီးနှံစိုက်ဧက ၂၉,၅၆၄ ဧက ပျက်စီးခဲ့ပြီး၊ ၁၉,၅၁၇ ဧက ခန့် အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါသည်။ မုံရွာမြေပြု၊ မီးခံရွှံ့စေး၊ ဖယ်ရိုနီကယ်၊ ရွှေ၊ ကျောက်စိမ်း၊ ကြေးနီသတ္တုစင် နှင့် ကျောက်မီးသွေး တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုဇုန်များအပါအဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းကြီး ၃၅၂ ခု၊ လုပ်ငန်းလတ် ၁,၀၀၅ ခု နှင့် လုပ်ငန်းငယ် ၃,၂၈၈ ခု၊ စုစုပေါင်း ၄,၆၄၅ ခု ဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ တမူးမြို့အတွက် အိန္ဒိယနိုင်ငံမှ ဓာတ်အားရယူသုံးစွဲခြင်း၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အသေးစား ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားကို (၁၁) ကေဗွီ ဓာတ်အားလိုင်းဖြင့် လေရှီးမြို့ နှင့် လဟယ်မြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိခြင်းတို့ကြောင့် ဓာတ်အားသုံးစွဲမှု ပိုမိုတိုးတက်လာခဲ့ပါသည်။

ငွေကြေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများသို့ ချေးငွေများမှ အတိုးရငွေများအပြင် ငွေလွှဲခ နှင့် ဝန်ဆောင်ခ ရငွေများ တိုးတက်ခဲ့ပါသည်။ သမိုင်းဝင်ဒေသများသို့ ပြည်တွင်းပြည်ပဧည့်သည်များ ဝင်ရောက်လာခြင်းကြောင့် ခရီးသွားလုပ်ငန်း တိုးတက်ခဲ့ပါသည်။ တမူး၊ ရိဒ် နယ်စပ်ကုန်သွယ်ရေး စခန်းများရှိခြင်းကြောင့် နယ်စပ် ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလျက် ရှိပါသည်။

# တနင်္သာရီတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် - ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၆၀ မိနစ် အတွင်း အရှေ့လောင်ဂျီတွဒ် - ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = ၁၆,၇၃၅.၅၆ စတုရန်းမိုင် ၁၀,၇၁၀,၇၅၇ ဧက |
| လူဦးရေ | = ဦးရေ- ၁,၄၆၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ ) |
| မြို့တော် | = ထားဝယ်မြို့ |
| ထူးခြားသော ဒေသ | = ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်ကမ်းခြေ |
| ခရိုင် | = ၃ ခရိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း |
| မြို့နယ်/ မြို့ | = (၁၀) မြို့နယ် |
| အဓိကစီးပွားရေး | = လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ |
| ဆက်စပ်ဒေသ | = အရှေ့ဘက်နှင့်တောင်ဘက် တွင်ထိုင်းနိုင်ငံ၊အနောက်ဘက် တွင်ကပ္ပလီပင်လယ်၊ မြောက် ဘက်တွင် မွန်ပြည်နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၆၄၇,၂၄၉.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၁၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

တနင်္သာရီတိုင်းဒေသကြီး၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၁၆,၇၂၃.၀ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၄.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး**ပုံမှန်ဈေးနှုန်းများအရ** ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၁၈)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် တနင်္သာရီတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး သစ်တောကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ထွန်စက်ကြီးဖြင့် ထွန်ယက်ဧကေလျာ ၈,၃၂၅၊ ဒေါင်းဖန်းလက်တွန်းထွန်စက် ၁၀ စီးနှင့် တရုတ်အမျိုးအစား PT ၀၁၅ လက်ကိုင်ရှည် လက်တွန်းထွန်စက်အစီး ၆၀ တို့ကို လက်ငင်း/အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် တောင်သူပညာပေး သင်တန်း ၂ ကြိမ် ဖွင့်လှစ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ကောင်ရေ သေနှုန်း

နည်းပါးခြင်း၊ ပုလဲ အရွယ်အစား ကြီးမားခြင်းနှင့် ပြန်လည်ဝတ်ဆံသွင်းမှုတ်ကောင် များပြားခြင်းကြောင့် ပုလဲထုတ်လုပ်မှု တိုးတက်လာခဲ့ပါသည်။ လက်ရှိ ထွက်ရှိနေသော သဘာဝဓာတ်ငွေ့တွင်းများသည် ဓာတ်ငွေ့နှင့်အတူ ရောနှောပါလာသော ရေပမာဏမှာ ပိုမို များပြားလာသဖြင့် ဓာတ်ငွေ့သိုက်မှ ထွက်ရှိမှု အနည်းငယ် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။ရေနံစိမ်းသည် ဓာတ်ငွေ့ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့နှင့်အတူ အချိုးကျရောနှောထွက်ရှိသဖြင့် ရေနံစိမ်းထွက်ရှိမှု လျော့နည်းရခြင်း ဖြစ်ပါသည်။ခရီးသွားလုပ်ငန်းတွင် ပြည်တွင်း ခရီးသွားဦးရေ ၅၄,၅၅၈ ဦးနှင့် ပြည်ပခရီးသွားဦးရေ ၂၄,၇၆၈ ဦး စုစုပေါင်း ၇၉,၃၂၆ ဦး ရှိခဲ့ပြီး ဝင်ငွေ ကျပ် ၉၄၀.၈၈၇ သန်းနှင့် အမေရိကန် ဒေါ်လာ ၄၅၂,၉၆၆ ရရှိခဲ့ပါသည်။ နယ်စပ်ဒေသများမှ ဝင်ရောက်သော နိုင်ငံခြားသားများမှာ ထီးခီးနယ်စပ်မှ ၃,၀၃၅ ဦး၊ မော်တောင် နယ်စပ်မှ ၃,၅၄၀ ဦး၊ ကော့သောင်းနယ်စပ်မှ ၁၃၄,၉၀၉ ဦး တို့ဖြစ်ပါသည်။ ထိုင်းနိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပြီး မော်တောင်၊ ထီးခီး၊ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းများမှ ဝင်ငွေတိုးတက်ရရှိနေခြင်း၊ လမ်းပန်း ဆက်သွယ်ရေးကွန်ယက်များ ချောမွေ့လာခြင်းကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရခြင်း ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၅,၂၁၄.၁၃ စတုရန်းမိုင် ၉,၇၃၇,၀၄၃ ဧက |
| လူဦးရေ | = | ဦးရေ - ၄,၉၁၉(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပဲခူးမြို့ |
| ထူးခြားအမှတ်အသား | = | ကမ္ဘောဇသာဒီ နန်းတော်ရာ မိုးယွန်းကြီးအင်း ဘေးမဲ့တော သရေခေတ္တရာပျူမြို့ဟောင်း |
| ခရိုင် | = | ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာ၊ သားငါး၊ စက်မှု၊ပို့ဆောင်ရေး ကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ကရင်ပြည်နယ်၊မွန်ပြည်နယ် အနောက်ဘက်-ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ဘက်- ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး မြောက်ဘက်-မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ |


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇,၅၁၅,၇၂၄.၅ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၉) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၀) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)

ပဲခူးတိုင်းဒေသကြီး၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၈၁၅,၈၄၁.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၄.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၁)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)


**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ပဲခူးတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ နှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါ သည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စပါးအထွက်နှုန်းတိုးရေးအတွက် ဆင့်ပွားမျိုးစေ့၊ မျိုးသန့်မျိုးပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မိုးစပါး ၁,၀၇၁ ဧကကို ကောက်စိုက် စက်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေ ဖော်ထုတ်ရေးတွင် ဧက ၂၀၀ ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အင်းငါး အထွက်နှုန်း တိုးစေရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် နည်းပညာများကို ငါးမွေးမြူရေး လုပ်ဆောင်သူများအား ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။ အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်များ

အတွက် သမဝါ ယမ အသင်းအဖွဲ့များမှ အရင်းအနှီးများ ထုတ်ချေးခြင်းကြောင့် အရည်အသွေး ပြည့်မီသောပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။ လျှပ်စစ်ဓာတ်အား စနစ်ဖြင့် ၁,၅၅၆ ရွာအား မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဆွဲဆောင်မှုများနှင့် ရေမြေသဘာဝအနေအထား ကောင်းမွန် သောဒေသတစ်ခု ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမို ဝင်ရောက်သော ဒေသတစ်ခု ဖြစ်ပါသည်။ ပုဂ္ဂလိက ဘဏ် ၃ ခု နှင့် ပုဂ္ဂလိက အာမခံလုပ်ငန်း ၃ ခု ထိ တိုးတက်ဖွင့်လှစ် နိုင်ခဲ့ပါသည်။

# မကွေးတိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း<br>မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့် ၂၂ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ဧရိယာ ၁၇,၃၀၅.၃၂စတုရန်းမိုင် ၁၁,၀၇၅,၄၀၅ဧက |
| မြို့တော် | = | မကွေးမြို့ |
| လူဦးရေ | = | ဦးရေ- ၃,၉၄၂(ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ် လူဦးရေ) |
| ထူးခြားမှတ်သား | = | မကွေးမြသလွန်မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် | = | ၅ ခု |
| မြို့နယ် | = | ၂၅ မြို့နယ် |
| ကျေးရွာ | = | ၄,၇၇၁ ရွာ |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊<br>အနောက်ဘက်တွင်ချင်းပြည်နယ်၊<br>ရခိုင်ပြည်နယ်၊<br>မြောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊<br>တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင်မကွေးတိုင်းဒေသကြီး၏စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈,၂၅၆,၄၈၂.၈ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး၏ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၆၃၃,၂၄၅.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၁.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၀.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၄)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် မကွေးတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၀.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ လယ်ယာကဏ္ဍ နှင့် သစ်တောကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် တိုင်းဒေသကြီးအနေဖြင့် ၀.၅ ရာခိုင်နှုန်းလျော့နည်းခဲ့ရခြင်းမှာ အဓိကဖြစ်သော လယ်ယာကဏ္ဍမှ လျော့နည်းခြင်းနှင့် သစ်တောကဏ္ဍတို့မှ လျော့နည်းခြင်းကြောင့်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ လျော့နည်းရခြင်းမှာ မိုးဦးသီးနှံများစိုက်ပျိုးချိန်နောက်ကျခဲ့ခြင်း၊ ဇူလိုင်လနှင့်ဩဂုတ်လများတွင် မိုးများခြင်း၊ ဧရာဝတီမြစ်ရေကြီးခြင်း တို့ကြောင့် နှမ်းစပါး၊ နှမ်းနှမ်း၊ နှံစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ နေကြာ၊

မိုးနှမ်း၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ပဲယဉ်း၊ ပဲနောက် နှင့် အုန်း၊ ငှက်ပျော စသည့်သီးနှံများ ယခင်နှစ်ကထက် လျော့နည်းထွက်ရှိခဲ့ပါသည်။ အစီရင်ခံသည့်ကာလအထိ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၇,၁၅၇.၂၅၀ သန်း ထုတ်ချေးထားပြီး ဖြစ်ပါသည်။

သစ်တောကဏ္ဍ လျော့နည်းရခြင်းမှာ နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှု မရှိသေးခြင်း၊ ပုဂ္ဂလိကပိုင် မီးသွေး၊ ဝါး၊ သစ်ခေါက်၊ သနပ်ခါး စသည့်သစ်တောထွက် ပစ္စည်းများ လျော့နည်းထုတ်လုပ်ခဲ့ပါသည်။ နိုင်ငံပိုင်ရေနံစိမ်း ထုတ်လုပ်မှုကျဆင်းခဲ့သော်လည်း ပုဂ္ဂလိကပိုင်ရေနံစိမ်း နှင့် နိုင်ငံပိုင်ကုန်းတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းထုတ်လုပ်မှုတွင် ခရိုမီယမ်သတ္တုမက်ထရစ်တန် ၅၅ဝ ထုတ်လုပ်နိုင်ခဲ့ပါ သည်။ ရေနံချောင်းစက်မှုဇုန် နှင့် ပခုက္ကူစက်မှုဇုန် အပါအဝင် စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၃,၃၄၁ ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကပိုင် ဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည့် အော်ရီဒူး နှင့် တယ်လီနောတို့မှလည်း မိုဘိုင်းဖုန်းဆင်းကတ်များအား ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တယ်လီဖုန်းခေါ်ဆိုခများလည်း ပိုမိုရရှိခဲ့ပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ပုဂ္ဂလိက အသေးစားငွေစုငွေချေး လုပ်ငန်းများအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး





ဓာတ်မြစ်။ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၁၉ ဒီဂရီ ၃၀မိနစ်နှင့် ၂၃ ဒီဂရီ ၄၅ မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၅၀မိနစ်နှင့် ၉၆ ဒီဂရီ ၅၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁၁၉၂၅.၉၅ - စတုရန်းမိုင်<br>၇၆၃,၂၆၁၂ - ဧက |
| လူဦးရေ | = | ဦးရေ-၆,၃၈၉ (ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်လယ်လူဦးရေ) |
| မြို့တော် | = | မန္တလေး |
| ထူးခြားအမှတ်အသား | = | နန်းတော် ၊ ကျုံး |
| ခရိုင် | = | ၇ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွား လုပ်ငန်း |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ရှမ်းပြည်နယ်၊<br>တောင်ဘက်-နေပြည်တော်၊<br>အနောက်တောင်-မကွေးတိုင်းဒေသကြီး၊<br>အနောက်မြောက်နှင့်အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် **၉,၇၅၉,၉၇၇.၇** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၂ ရာခိုင်နှုန်း **တိုးတက်ရန်** ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

မန္တလေးတိုင်းဒေသကြီး၏ ပထမ(၆)လပတ် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၂၁၄,၁၂၃.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၂.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၇)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် မန္တလေးတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၉.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍမှာ ယခင်နှစ်ထက် လျော့နည်း ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ဒေသ၏ရေမြေရာသီဥတုနှင့်ကိုက်ညီသော ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်၊ အထွက်ကောင်းမျိုးများ ဖြန့်ဝေ စိုက်ပျိုးနိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၂၃ မြို့နယ်တွင် စပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၂၉,၁၉၂.၃၅၀ သန်း ထုတ်ချေးပေးခဲ့ပါသည်။ အရေးကြီးသီးနှံ ဧက(ထောင်ပေါင်း) ၅,၄၃၇ စိုက်ပျိုးရန် ရည်မှန်းထားရာ ပထမ (၆)လပတ်တွင် ဧက (ထောင်ပေါင်း) ၃,၈၁၀ စိုက်ပျိုး နိုင်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၇၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။ နွေစပါး၊ အစေ့ထုတ်

ပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ လက်ဖက် စသည့် သီးနှံများ ပိုမိုထွက်ရှိခဲ့ပါသည်။

သစ်တောကဏ္ဍတွင် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာမျော၊ ဝါး၊ သစ်ခေါက် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုတွင် ကျောက်ပန်းတောင်းမြို့နယ် (ငါးသျှန်တောင်ဒေသ)မှ ယခင်နှစ်ထက် အမေရိကန်စည် ထောင်ပေါင်း ၀.၃၅၇ နှင့် ညောင်ဦးမြို့နယ် (တက်မဒေသ)မှ အမေရိကန် စည်ထောင်ပေါင်း ၀.၄၂၉ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်း၏ သံမဏိတုံး၊ ကျောက်မာ၊ အလှဆင်ကျောက်ထုတ်လုပ်မှု လျော့နည်းခြင်း၊ သမဝါယမပိုင်အခန်းတွင် ကျောက်မျက်ရတနာ ထုတ်လုပ်မှု လျော့နည်းခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကျောက်မျက်ရတနာ၊ ကျောက်မီးသွေး၊ ကြေးနီရောရာသတ္တုရိုင်း၊ ခနောက်စိမ်းသတ္တုသန့်စင်၊ သလင်းကျောက်၊ သွပ်နှင့်ရောရာသတ္တုရိုင်းတို့ ထုတ်လုပ်မှုမရှိသဖြင့် လျော့နည်းခဲ့ပါသည်။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှု တိုးတက်လာခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် INGO ၃ ဖွဲ့၊ NGO ၂ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၀ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၃၅ ဖွဲ့နှင့် အသေးစားငွေချေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပထမ (၆)လပတ်တွင် ဧည့်သည်ဝင်ရောက်မှုမှာ ပြည်တွင်းမှ ၁၀၀,၄၆၂ ဦး၊ ပြည်ပမှ ၅၄,၅၇၂ ဦးဝင်ရောက်ခဲ့ပါသည်။ မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန် ၁,၂၇၄ ဦးရှိပါသဖြင့် ခရီးသွားလာရေးလုပ်ငန်းတွင် များစွာ အထောက်အကူဖြစ်ခဲ့ပါသည်။

## မွန်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄,၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၃,၀၃၈,၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂,၀၁၂(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားမှတ်သား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် (မော်လမြိုင်၊ သထုံ) |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် **၃,၅၉၃,၂၆၈.၈** သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ ၅.၃** ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

မွန်ပြည်နယ်၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၁၄၀,၄၅၈.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၀)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် မွန်ပြည်နယ်သည် ပုံမှန်ဈေးနှုန်းများ အရ ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းများဖြစ်သော အုတ်လုပ်ငန်း၊ ထုံးလုပ်ငန်းနှင့် အိမ်တိုင်ကွန်ကရစ်လုပ်ငန်းတို့ ပိုမိုထုတ်လုပ်လာနိုင်ခြင်း၊ မုန့်မျိုးစုံထုတ်လုပ်သည့် လုပ်ငန်းများမှ စားသုံးသူများ စိတ်ဝင်စားသည့် ထုတ်ပိုးမှုပုံစံများဖြင့် ထုတ်လုပ်လာနိုင်ခြင်း၊ ယာဉ်များ၏ ကြံ့ခိုင်ရေးအတွက် ပြင်ဆင်မှုများပြား လာခြင်းတို့ကြောင့် တိုးတက်လာခဲ့ပါသည်။ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖိုင်ဘာဆက် ကြောင်းနှင့် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တိုးချဲ့ခြင်း၊ GSM/ UMTS မိုဘိုင်းတိုးချဲ့

တပ်ဆင်ခြင်း၊ UMTS/ LTE မိုဘိုင်းလိုင်းတိုးချဲ့တပ်ဆင်ခြင်း၊ စာပို့တိုက်လုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်း၊ ကြေးနန်းလုပ်ငန်း နှင့် တယ်လီဖုန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်း၊ သမဝါ ယမပိုင်နှင့် ပုဂ္ဂလိကပိုင် ငွေကြေးဝန်ဆောင်မှုများ၊ ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၄၄ ခု တို့၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ ပိုမိုခဲ့ခြင်းကြောင့် ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ယခင်နှစ်ထက်တိုးတက်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၂၁ဒီဂရီ၃၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀ မိနစ်မှ ၉၃ ဒီဂရီ၅၀မိနစ်အတွင်း တည်ရှိပါသည်။ |
| အကျယ်အဝန်း | = | ၁၄,၂၀၀.၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ | = | ဦးရေ ၃,၃၀၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | စစ်တွေ |
| ထူးခြားသည့် အမှတ်အသား | = | View Point စစ်တွေ၊ ငပလီ(ကမ်းခြေ)သံတွဲ |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၁၇ မြို့ |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင်ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက် တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၉၈၇,၃၇၀.၂ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၃၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၂၆၉,၂၄၃.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၁.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၃)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

## သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရခိုင်ပြည်နယ်သည် ပုံမှန်ဈေးနှုန်းများအရ ၂.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် မိုးသီးနှံစိုက်ဧကများ ယခင်နှစ် အလားတူကာလထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သော်လည်း မိုးရာမှန်တိုင်း တိုက်ခတ်မှုကြောင့် သီးနှံရိတ်ဧကများအပေါ် မိုးစပါး၊ နှမ်းစပါး၊ ဖူးစားပြောင်းနှင့် ကွမ်းရွက် စသည့် မိုးသီးနှံများ ထွက်ရှိမှုလျော့နည်းခဲ့ပါသည်။ ကျွန်းနှင့်သစ်မာတိုင်များ ထုတ်လုပ်မှုကို ဒေသလိုအပ်ချက်အရ ပြည်နယ်အစိုးရမှ ကန့်သတ်ထားပြီး လေလံတင်ရောင်းချခြင်းများမရှိသေးသဖြင့် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ဒေသမတည်ငြိမ်မှုများကြောင့် ထင်း၊ မီးသွေးနှင့် ဝါး ထုတ်လုပ်မှုများ လျော့နည်းခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း ကုန်သွယ်မှု နှောင့်နှေးနေရခြင်းကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။

ကမ်းလွန်သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှု လျော့နည်းရခြင်းမှာ ဓာတ်ငွေ့ပို့သည့်ပိုက်လိုင်း ပြတ်တောက်ခဲ့သဖြင့် ပြုပြင်နေရခြင်းနှင့် ပြည်တွင်းပြည်ပမှဝယ်ယူမှုအပေါ်မူတည်၍ ထုတ်လုပ်ရခြင်းကြောင့် ဖြစ်ပါ သည်။

ငွေရေးကြေးရေးကဏ္ဍတွင် ယခင်နှစ်အလားတူကာလထက် မြင့်မားစွာတိုးတက်ရခြင်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများမှ ၎င်းဘဏ္ဍာရေးနှစ်အတွင်း ပြေကျေအောင် ပေးဆပ်ရမည်ဖြစ်သော်လည်း တောင်သူများအနေဖြင့် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးသည့် မေလမှ စက်တင်ဘာလအတွင်း စုပုံပေးဆပ်ကြ၍ အတိုးနှင့် ဒဏ်တိုး ပိုမိုကောက်ခံ ရရှိသဖြင့် ဝင်ငွေများတိုးတက် များပြားလာရခြင်းဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ ၇,၉၃၆ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့်အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင် |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေးကဏ္ဍ | = | စက်မှုလက်မှုကဏ္ဍ၊ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်နှင့်မြောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၂,၄၀၀,၉၆၄.၁ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၏ ပထမ(၆)လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇,၄၄၀,၉၁၅.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၄-၃၆)
### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရန်ကုန်တိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၇.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ နှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်းမြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စိုက်ပျိုးစရိတ် ဈေးငွေအနေဖြင့် မိုးစပါးချေးငွေ ကျပ် ၁၃၀,၃၃၀.၂ သန်းထုတ်ချေးနိုင်ခဲ့ပါ သည်။ စက်မှု လက်မှုလုပ်ငန်းဦးရေ မှတ်ပုံတင် စာရင်းအရ အကြီးစား စက်မှုလုပ်ငန်း ၂,၈၇၅ ခု၊ အလတ်စား စက်မှုလုပ်ငန်း ၂,၀၉၁ ခု၊ အသေးစားစက်မှု လုပ်ငန်း ၁,၇၄၈ ခု နှင့် လုပ်ငန်း စုစုပေါင်း ၆,၇၄၁ ခု မှတ်ပုံတင် နိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါတွင် နေထိုင်ရေး စိတ်အေးစေရန် အတွက်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ၁၈၃.၅၃ ဧကပေါ်တွင် ရန်ကုန်တိုင်း ဒေသကြီး အစိုးရမှ ၃ နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာကို ပန္နက်တင် အခမ်းအနားပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းတွင် အခန်းပေါင်း ၄,၀၀၀ နီးပါး ပါဝင်သည့် (၁၂) ခန်းတွဲ (၆) ထပ်၊ (၈) ခန်းတွဲ (၆) ထပ်၊ (၄) ခန်းတွဲ (၆) ထပ် အဆောက်အအုံများနှင့် ဈေးဆိုင် ခန်းများ၊ ရုံးခန်းများ၊ ကျောင်းများပါဝင်မည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားခရီးသွား ဧည့်သည်ဦးရေ ၄ သိန်းကျော် ဝင်ရောက်ခဲ့ပါသည်။ ပြည်တွင်း ဈေးကွက် ဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက် ရောင်းဝယ်မှု တိုးတက်လာရေးအတွက် လက်ကားကုန်စည်ဒိုင်များ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။ မြို့နယ် ၁၂ မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သန်း ၃၀ နှုန်းဖြင့် ကျေးရွာ ၂၇၂ ရွာအနက် ၂၆၅ ရွာအတွက် ကျပ် ၇,၉၅၀ သန်း ခွဲဝေချထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

# ရှမ်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၉ ဒီဂရီ ၂၈ မိနစ် မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၆ ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = | ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = | ဦးရေ - ၆,၁၈၉ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | တောင်ကြီးမြို့ |
| ခရိုင် | = | ၁၃ ခရိုင် |
| မြို့နယ် | = | ၅၅ မြို့နယ် |
| ထူးခြားမှတ်သား | = | အင်းလေးကန် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း | = | ‘၀’ |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ | = | ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး |


**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅,၄၂၂,၁၁၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၃၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၇၅၁,၁၈၉.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၉)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရှမ်းပြည်နယ်သည် ပုံမှန်ဈေးနှုန်းများအရ ၃.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

ပထမ(၆)လပတ်တွင် မိုးသီးနှံများမှာ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန် နောက်ကျခြင်းများကြောင့် ပဲပုတ်၊ နှမ်း၊ နေကြာ၊ ကွမ်းရွက်၊ မိုးငရုတ်ခြောက်၊ လက်ဖက်၊ သနပ်ဖက်နှင့် မိုးရှာသွန်းမှုများ၍ အစေးခြစ်မရသဖြင့် ကြက်ပေါင်စေး အထွက်နှုန်းများ လျော့နည်းခဲ့ရပါသည်။ ခဲနှင့်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ဂေါဒန်ကျောက်၊ ရွှေနှင့် အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းတို့အား ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း၊ ဖြိုးကျော် (ဂျင်း၊နန္ဒင်း) အခြောက်ခံစက်ရုံ၊ ထုံးအစားထိုး

တံခွန်ပေါင်ဒါမှုန့် (Mega Strength) စသည်တို့၏ ထုတ်လုပ်မှုများမှာ ဈေးကွက်လိုအပ်ချက်အရ တိုးမြှင့် ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ ကမ္ဘောဇဘဏ်ခွဲသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ မြစ်မိးရောင်စီမံကိန်းနှင့် သမဝါယမအသင်းများမှ အတိုးရငွေများ ရရှိလာခြင်းကြောင့် တိုးတက်လာပါသည်။ နိုင်ငံခြားသား ခရီးသည်ဦးရေ ၂၀၄,၈၄၀ ဦးနှင့် ပြည်တွင်းခရီးသည် ဦးရေ ၃၂၂,၀၇၉ ဦးတို့ လာရောက် လည်ပတ်ခဲ့ပါသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁,၃၃၆.၅၂၃ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၆၉၃.၆၄၃ သန်း စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂,၀၃၀.၁၆၆ သန်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ်မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = (၁၃,၅၂၅.၈၈) စတုရန်းမိုင် (၈,၆၅၆,၅၆၄) ဧက |
| လူဦးရေ | = ဦးရေ - ၆,၂၇၁ (ထောင်ပေါင်း) (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေ |
| ခရိုင် | = (၆) ခရိုင် (ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ) |
| မြို့နယ် | = (၂၆) မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = အရှေ့- ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး<br>အနောက် - ဘင်္ဂလားပင်လယ်အော်<br>တောင် - ကပ္ပလီပင်လယ်<br>အနောက်မြောက် - ရခိုင်ပြည်နယ်<br>မြောက် - ပဲခူးတိုင်းဒေသကြီး |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၀၃၀,၂၆၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၅၅၉,၈၀၉.၄ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၃.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၂)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဧရာဝတီတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၃.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက်လျော့နည်းခဲ့ပါသည်။

တိရိစ္ဆာန်နှင့် တိရိစ္ဆာန်ထွက် ပစ္စည်းများ၏ထုတ်လုပ်မှုများ လျော့နည်းခဲ့ခြင်းသည် ရာသီဥတုပြောင်းလဲမှု၊ ဒေသတွင်းသမရိုးကျ မွေးမြူရေးစနစ်များ ဆက်လက်လုပ်ကိုင်နေမှု၊ ရောဂါကာကွယ်နှိမ်နင်းမှု အသိပညာနည်းပါးမှု၊ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်လာမှုတို့ကြောင့်ဖြစ်ပါသည်။

နိုင်ငံပိုင် မြန်အောင်၊ ရွှေပြည်သာ၊ ညောင်တုန်း၊ အဖျောက်(ဇလွန်) တို့မှ ရေနံစိမ်း ထုတ်လုပ်မှုလျော့နည်းခဲ့ခြင်း၊ ဘူးသွင်းသဘာဝဓာတ်ငွေ့ (ကုန်းတွင်း/ကမ်းလွန်) ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ချေးငွေများ တိုးမြှင့်ထုတ်ချေးရန် ဆောင်ရွက်ထားရှိခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါ ယမ ပိုင်အခန်း ငွေစုငွေချေးအသင်းများ၏ အတိုးရငွေများပိုမိုခဲ့ခြင်းနှင့် China Exim Bank ချေးငွေမှအတိုးရငွေများပိုမိုခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကမ္ဘောဇဘဏ်(ညောင်တုန်း) နှင့် (လပ္ပတ္တာ) တွင် ကမ္ဘောဇဘဏ်အသစ် ၂ ခု ထပ်မံဖွင့်လှစ်ခဲ့ခြင်းနှင့် ပုဂ္ဂလိကအသေးစား ငွေရေး ကြေးရေးလုပ်ငန်း လိုင်စင်ရရှိထားသော NGO, INGO အဖွဲ့အစည်း ၃၂ ဖွဲ့မှ ချေးငွေ ကျပ် ၈၁၄,၅၄၆.၁၄ သန်း ထုတ်ချေးနိုင်ခဲ့၍ ချေးငွေလုပ်ငန်းများ၏ အတိုးရငွေများ၊ ပုဂ္ဂလိကအာမခံ လုပ်ငန်း၏အတိုးရငွေများ တိုးတက်ခဲ့ပါသည်။

ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၁၉,၆၀၈ ဦး၊ ပြည်ပခရီးသည် ၁,၉၁၃ ဦး လာရောက်လည်ပတ်ပြီး ပြည်တွင်းခရီးသွားများ သုံးစွဲသည့်ငွေ ကျပ်ထောင်ပေါင်း ၁၇၄,၀၅၆၊ ပြည်ပခရီးသွားများသုံးစွဲသည့်ငွေ အမေရိကန်ဒေါ်လာ ၁၆,၄၀၅ ဖြစ်ပါသည်။ ဧရာဝတီတိုင်း ဒေသကြီး အတွင်း အပန်းဖြေဟိုတယ်ဇုန် ၂ ခု သတ်မှတ် ဆောင်ရွက်ထားရှိရာ အဆိုပါ ကမ်းခြေဒေသများ ကိုအမှီပြု၍ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ဒီဂရီ၂၅မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ ဒီဂရီ၉၆ မိနစ်မှ၉၆ ဒီဂရီ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁,၂၃၈ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | နေပြည်တော် |
| ခရိုင် | = | ၂ခရိုင်၊ဥတ္တရခရိုင်၊ဒက္ခိဏခရိုင် |
| မြို့နယ် | = | ၈မြို့နယ် |
| ထူးခြားအမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| အဓိကစီးပွား | = | လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေး |
| ဆက်စပ်သည့်ဒေသများ | = | မြောက်ဘက်တွင် -ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် -ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် - သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင်- ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီးမြို့နယ် |


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ **စီမံကိန်းတွင်** ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၈၈၀,၀၅၀.၀ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၄၃) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၄၄) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆၀၂,၂၂၇.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ** အရ ၁၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၅)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ်ကုန် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ပြည်ထောင်စုနယ်မြေနေပြည်တော်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် ပုံမှန်ဈေးနှုန်းများအရ ၁၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။

ယာဉ်လိုင်းပေါင်း ၇၈ လိုင်းမှ မော်တော်ယာဉ်များ ပြေးဆွဲခြင်းကြောင့် ခရီးသည်ဝင်ငွေနှင့် ကုန်စည်များ ပို့ဆောင်ခြင်းမှ ဝင်ငွေများ ရရှိခဲ့ပါသည်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင် နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ပထမ(၆)လပတ်တွင် ကုန်တင်ယာဉ် ၃,၉၈၂ စီး၊ လူစီးခရီးသည်တင်ယာဉ် ၁,၄၆၁ စီး၊ သုံးဘီး ၁၉၅ စီး၊ ထော်လာဂျီ ၄၇၁ စီး၊ နောက်တွဲ ၁၁၈ စီး၊ ဘောက်ဆာ ၁၅၀ စီး၊ စုစုပေါင်း ၆,၃၇၇ စီးအား လိုင်စင်ထုတ်ပေးခဲ့ပြီး ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်နိုင်ခဲ့ပါသည်။ ပျဉ်းမနားမြို့နယ်တွင် နေပြည်တော် စည်ပင်သာယာရေးဘဏ်နှင့် ကမ္ဘောဇဘဏ်၊ တပ်ကုန်းမြို့နယ်တွင်

ဧရာဝတီဘဏ်နှင့် ယူနိုက်တက်အမရာဘဏ်တို့ကို ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေလဲလှယ်ရေး ကောင်တာများလည်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဈေးဝယ်စင်တာများနှင့် အဓိကနေရာများတွင် အလိုအလျောက်ငွေထုတ်စက်များ တပ်ဆင်ခဲ့ပြီး ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ နေပြည်တော်သံတမန်ဇုန်တွင် နိုင်ငံတော်ဧည့်ဂေဟာ ဟိုတယ် ၁၀ လုံး၊ ဟိုတယ်ဇုန်(၁)တွင် အဆင့်မြင့်ဟိုတယ် ၃၄ လုံး၊ ဟိုတယ်ဇုန်(၂)တွင် အဆင့်မြင့်ဟိုတယ် ၁၇ လုံး၊ ဟိုတယ်ဇုန်(၃)တွင် အဆင့်မြင့်ဟိုတယ် ၃ လုံး အခန်းပေါင်း ၅,၄၄၄ ခန်းဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာတွင် အခန်းပေါင်း ၁,၃၁၂ ခန်းနှင့် ပုဂ္ဂလိကပိုင်တည်းခိုခန်း ၄၄ ခု၊ အခန်းပေါင်း ၅၈၀ ဖြင့် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။

## အခန်း(၅)

## ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဆောင်ရွက်မှု အခြေအနေများ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကဏ္ဍဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ"ကို ဒုတိယသမ္မတ(၁) မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် တွဲဘက်အတွင်းရေးမှူးများအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို မဏ္ဍိုင် (၅) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်မည့် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီ (၅) ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါသည် -

(က) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊

(ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊

(ဂ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊

(ဃ) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ၊

(င) အခြေခံ လူသားအရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၊

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၂) လလျှင် (၁) ကြိမ် ကျင်းပပြီး၊ လုပ်ငန်းကော်မတီများမှ ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးအား (၁) လလျှင် အနည်းဆုံး (၁) ကြိမ် ကျင်းပ၍ ဖြေရှင်းပေးရမည့် ကိစ္စရပ်များအား ကြားဖြတ်အစီရင်ခံစာဖြင့် တင်ပြဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ (၅) ရပ်မှ လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို (၂၃) ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အကြံပြုတင်ပြချက်များအား မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်မှ စုစည်း၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ပါသည်။ ပေးပို့လာသည့် အကြံပြု တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့၍ ဖြေရှင်းဆောင်ရွက်ခဲ့ရာတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အစည်းအဝေး (၅) ကြိမ်တွင် အကြံပြုတင်ပြချက် (၇၈) ချက် အပေါ် (၅၃) ချက်အား ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး ၂၈-၈-၂၀၁၇ ရက်နေ့ အစည်းအဝေးမှ ကျန်ရှိနေသည့် အကြံပြုတင်ပြချက် (၂၅) ချက် အားဆက်လက်၍ ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။

ပို့ကုန်/ သွင်းကုန်လုပ်ငန်းရှင်များမှ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ရန် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာအပြည်ပြည်ဆိုင်ရာ စက်မှုဆိပ်ကမ်း၌ မြန်မာနိုင်ငံဆန်စပါး/ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်း ဆိုင်ရာဝန်ဆောင်မှုများအသင်းနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မူဘောင် (Public Private Partnership-PPP Framework) အား မဏ္ဍိုင် (၅)ရပ်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (PSD Framework and Action Plan Workshop) ကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ လုပ်ငန်းကော်မတီ ၅ ရပ်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်၊ ကွင်းဆင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်အား ညှိနှိုင်းရရှိခဲ့ ပါသည်။

**ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ ဆောင်ရွက်မှု အခြေအနေများ**

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ရင်ဘောင်တန်းမြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စု အစိုးရအဖွဲ့မှ **“ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့”** ကို

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

အဆိုပါ အထူးလုပ်ငန်းအဖွဲ့တွင် ဥက္ကဋ္ဌများအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နှင့် UMFCCI တို့မှလည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အမြဲတမ်းအတွင်းဝန်များမှ အဖွဲ့ဝင်များအနေဖြင့်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှလည်းကောင်း၊ တွဲဘက်အတွင်းရေးမှူးများအဖြစ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် UMFCCI အထွေထွေအတွင်းရေးမှူး တို့မှလည်းကောင်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက် မူဝါဒများကို ခေတ်ကာလနှင့်အညီ၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေဖြစ်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို အခြေခံလျက် ဆွေးနွေးညှိနှိုင်းပြုစုတင်ပြရန်၊ ကုန်သွယ်ရေးမူဝါဒများဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့နိုင်ရေး တင်ပြဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများအား လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ကောင်းဖြစ်ပေါ်စေရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ချက်ချင်းဖြေရှင်း ဆောင်ရွက်နိုင်သည်များကို အထူးလုပ်ငန်းအဖွဲ့ အစီအစဉ်ဖြင့် ဥပဒေနှင့်အညီဖြေရှင်းဆောင်ရွက်ရန်၊ အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသည့်ကိစ္စရပ်များကို စီးပွားရေးရာကော်မတီသို့ တင်ပြ၍ အခြားဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေ၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့်အခွင့်အရေးများ ဖြစ်ပေါ်စေရန်၊ WTO ၏ Trade Facilitation Agreement ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

သို့ဖြစ်၍ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့သည် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကို၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၇) ကိုဩဂုတ်လ ၁၀ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အထူးလုပ်ငန်းအဖွဲ့သည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ကဏ္ဍအလိုက် ဖွဲ့စည်းထားသောအဖွဲ့များ Public Private Dialogue ကိုအနည်းဆုံး (၂) ပတ် တစ်ကြိမ် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း၊ ချမှတ်သင့်သည့် မူဝါဒများချမှတ်ခြင်း၊ လွယ်ကူထိရောက်စွာ အကောင်အထည်ဖော်မည့် အစီအစဉ်ရေးဆွဲရန်ဖြစ်သဖြင့် Myanmar Pou Chen Co.,Ltd. မှ Issue of KG Clearance Percentage ကိစ္စနှင့်ပတ်သက်၍ အခက်အခဲများအားလည်းကောင်း၊ Plastic Industry Company (Thailand) ၏ ကုန်ပစ္စည်းအမှတ်တံဆိပ် ချိုးဖောက်ခံရခြင်းအတွက် အကူအညီ တောင်းခံလာခြင်းကိစ္စအားလည်းကောင်း Task Force အစည်းအဝေးတွင် တင်ပြဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အထူးလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ဆောင်နိုင်မှုများ အဆင့်တိုးတက်လာစေရန်အတွက် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော်မည့် အထောက်အကူပြုအဖွဲ့များအား Master Work Plan ရေးဆွဲနိုင်ရန်၊ Doing Business ပြုပြင်ပြောင်းလဲရေးများကို စောင့်ကြည့်စစ်ဆေးရန်၊ လိုအပ်လျှင် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးနိုင်ရေး World Bank Group မှ Partners များနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် “Workshop on Myanmar’s Doing Business Indicators” အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၇ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) တို့မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business ပါ Indicator များအရ မြန်မာနိုင်ငံ၏ နှစ်အလိုက်အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

## ဇယား(၅-၁)

## Doing Business ပါ အကဲဖြတ်ချက်များအရ မြန်မာနိုင်ငံတိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | Doing Business 2014 | | Doing Business 2015 | | Doing Business 2016 | | Doing Business 2017 | | |
|---|---|---|---|---|---|---|---|---|---|---|
| | | 2013 | 2014 | 2014 | 2015 | 2015 | 2016 | 2016 | 2017 | |
| | **စုစုပေါင်းအဆင့်** | | 182 | 182 | 177 | 177 | 167 | 171 | 170 | ↑ 1 |
| ၁ | စီးပွားရေးစတင်ဆောင်ရွက်ခြင်း ( Starting a Business ) | 189 | 189 | 189 | 189 | 189 | 160 | 170 | 146 | ↑ 24 |
| ၂ | လုပ်ငန်းတည်ဆောက်ခွင့်ပါမစ် (Dealing with Constuction Permits) | 140 | 150 | 134 | 130 | 84 | 74 | 72 | 66 | ↑ 6 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု (Getting Electricity) | 123 | 126 | 124 | 121 | 154 | 148 | 150 | 149 | ↑ 1 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ( Registering Property ) | 149 | 154 | 151 | 151 | 145 | 145 | 145 | 143 | ↑ 2 |
| ၅ | ချေးငွေရရှိနိုင်မှု ( Getting Credit) | 167 | 170 | 169 | 171 | 171 | 174 | 174 | 175 | ↓ 1 |
| ၆ | ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးခြင်း (Protecting Minority Investors ) | 182 | 182 | 178 | 178 | 184 | 184 | 181 | 179 | ↑ 2 |
| ၇ | အခွန်ပေးဆောင်မှု ( Paying Tax ) | 113 | 107 | 115 | 116 | 73 | 84 | 117 | 119 | ↓ 2 |
| ၈ | နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး ( Trading across Borders ) | 114 | 113 | 135 | 103 | 140 | 140 | 149 | 159 | ↓ 10 |
| ၉ | စာချုပ်အသက်ဝင်ခြင်း ( Enforcing Contracts) | 188 | 188 | 185 | 185 | 187 | 187 | 188 | 188 | — |
| ၁၀ | အကြွေးပေးချေနိုင်မှု (Resolving Insolvency) | 153 | 155 | 159 | 160 | 162 | 162 | 163 | 164 | ↓ 1 |

### အမျိုးသား ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုများ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အမျိုးသားပို့ကုန်မဟာဗျူဟာအရ ပုဂ္ဂလိကကဏ္ဍများ၏ စွမ်းရည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အောက်ပါအတိုင်း ဆောင်ရွက် ခဲ့ပါသည်-

(၁) **ကဏ္ဍအလိုက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ -**

(က) ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ် အခြေပြုအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်၏ စီမံကိန်း ကြီးကြပ်မှု ကော်မတီအစည်းအဝေး၊

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းကြီးကြပ်မှု ကော်မတီအစည်းအဝေး၊

(ဂ) အမျိုးသားပို့ကုန် မဟာဗျူဟာရှိ ဦးစားပေးကဏ္ဍတွင် ထပ်မံထည့်သွင်း ဆောင်ရွက်သွားမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၊

(ဃ) ဆန်စပါးလုပ်ငန်း ကဏ္ဍလုပ်ငန်းအဖွဲ့ အစည်းအဝေး၊

(င) အမျိုးသားပို့ကုန် မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍများဖြစ်သော ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရေထွက်ကုန်ပစ္စည်း လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍများမှ လုပ်ငန်းအဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ညှိနှိုင်းအစည်းအဝေး၊

(စ) ရော်ဘာလုပ်ငန်းကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ဘတ်ဂျက်ရရှိမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်သည့် လုပ်ငန်းအဖွဲ့အစည်းအဝေး၊

(ဆ) အမျိုးသားပို့ကုန်မဟာဗျူဟာတွင် အသစ်ထည့်သွင်း ဆောင်ရွက်သွားမည့်လက်မှုအနုပညာပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး၊

(၂) **အလုပ်ရုံဆွေးနွေးပွဲများ-**

(က) အစားအစာ ဘေးကင်းရေးအတွက် ဆောင်ရွက်ရန် လိုအပ်မည့် ကိစ္စရပ်များအတွက် စားပွဲဝိုင်းဆွေးနွေးပွဲ၊

(ခ) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေးဆိုင်ရာ Multi-Stakeholders အလုပ်ရုံ ဆွေးနွေးပွဲ၊

(၃) **သင်တန်းများ-**

(က) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက် တစ်လျှောက် ပို့ကုန်ဝင်ငွေတိုးမြှင့်လာစေရန် အစားအစာ လုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး GAP၊ SPS၊ MRLs ဒုတိယအဆင့် သင်တန်းများ၊

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်း အစီအစဉ်များအရ စီမံကိန်းဝင် တောင်သူများအတွက် SPS, GAP, MRLs ဆိုင်ရာ ဒုတိယအဆင့် (ရိတ်သိမ်းချိန်လွန်အပိုင်း) သင်တန်း၊

(ဂ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းရှိ အစားအစာ ဘေးကင်းရေးလက်မှတ် (HACCP) လက်မှတ်ရရှိရေးဆိုင်ရာသင်တန်း၊

(ဃ) အွန်လိုင်းအသုံးပြု စီမံဆောင်ရွက်သည့် စနစ်ကို ရေရှည်တွင် စနစ်တကျ ဆောင်ရွက်နိုင်ရန် Strategic Implementation Management Tool (SIMT) သင်တန်း၊

(င) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ e-Commerce စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း၊

(စ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်းအတွင်း ထုတ်ပိုး ခြင်းနည်းစနစ်များဆိုင်ရာ သင်တန်း၊

ငါးလုပ်ငန်းကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရန်အတွက် ဘယ်ဂျီယံနိုင်ငံ၊ Brussels မြို့တွင် ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၅ ရက်နေ့ မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Seafood Expo Global တွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းထုတ်ကုန်များ အကောင်းဆုံးဈေးကွက် ရရှိနိုင်အောင် ကူညီ ဆောင်ရွက် ပေးသွားနိုင်ရန် မြန်မာ့ရေထွက်ကုန်ပစ္စည်းကဏ္ဍရှိ EU Approved ဖြစ်သည့် ကုမ္ပဏီများ၏ profiles ကို booklet အဖြစ် ထုတ်ဝေ၍ ပြပွဲလာရောက်သူများအား ဖြန့်ဝေခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍအလိုက် စီမံချက်များရေးဆွဲရာတွင်လည်းကောင်း၊ ကဏ္ဍအလိုက် ဖော်ထုတ်ချက်များကို လေ့လာသိရှိရန်အတွက် မဟာဗျူဟာစာအုပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်နှင့် ကဏ္ဍအလိုက် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များသို့ ဖြန့်ဝေခဲ့ပါသည်။

# အခန်း (၆)

## ပြည်ပအကူအညီအထောက်အပံ့နှင့် ချေးငွေရရှိမှု

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ် ပေါ်မူတည်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ငွေကြေး၊ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များရရှိရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာအသိုင်းအဝန်းမှ ငွေကြေး အကူအညီအထောက်အပံ့၊ ချေးငွေများနှင့် ထိရောက်စွာ ဆောင်ရွက်လျက် ရှိပါသည်။

### ပြည်ပအကူအညီအထောက်အပံ့

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ပထမ (၆) လပတ်တွင် နိုင်ငံအချင်းချင်းနှင့် အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့ (Grant) စီမံချက် (၁၈) ခုအတွက် အမေရိကန်ဒေါ်လာ ၃၃၁.၁၄ သန်း ညှိနှိုင်းရရှိခဲ့ပါသည်။

(၁) **ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ညှိနှိုင်းရရှိမှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ အလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ညှိနှိုင်းရရှိမှု အခြေအနေကို ဇယား ဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၆-၁)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ညှိနှိုင်းရရှိမှု အခြေအနေ**

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ/ တိုင်းဒေသကြီး / ပြည်နယ် | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၂ | ၁၆.၇၄ |
| ၂ | လျှပ်စစ်နှင့် စွမ်းအင် | ၁ | ၂၃.၀၀ |
| ၃ | ပညာရေး | ၅ | ၇၉.၃၀ |
| ၄ | ကျန်းမာရေးနှင့် အားကစား | ၃ | ၁၈၀.၁၁ |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၅ | ၁၁.၅၅ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၂၀.၄၄ |
| | စုစုပေါင်း | ၁၈ | ၃၃၁.၁၄ |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၂) **နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ညှိနှိုင်းရရှိမှု**

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ နိုင်ငံခြား အကူအညီ အထောက်အပံ့ဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၆-၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံအချင်းချင်းအကူအညီ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု**

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$သန်းပေါင်း) |
|---|---|---|---|
| **နိုင်ငံအချင်းချင်း** | | | |
| ၁ | ဂျာမဏီ | ၁ | ၁၅.၇၁ |
| ၂ | ဂျပန် | ၆ | ၄၉.၆၀ |
| ၃ | ဩစတြေးလျ | ၁ | ၂၀.၀၀ |
| ၄ | ကိုရီးယား | ၂ | ၂.၂၂ |
| ၅ | အမေရိကန် | ၁ | ၁၇၀.၀၀ |
| ၆ | အီတလီ | ၁ | ၀.၅၁ |
| ၇ | ပြင်သစ် | ၁ | ၁.၄၀ |
| ၈ | ဒိန်းမတ် | ၁ | ၃.၁၇ |
| **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ** | | | |
| ၉ | ကမ္ဘာ့ဘဏ် | ၃ | ၆၇.၅၀ |
| ၁၀ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁ | ၁.၀၃ |
| | **စုစုပေါင်း** | ၁၈ | ၃၃၁.၁၄ |


ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၃) **ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ ညှိနှိုင်းရရှိမှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှုမှာ လူမှုကာကွယ်ပေးရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ ကျန်းမာရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ ရေရရှိရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍ ၂၈ ရာခိုင်နှုန်း၊ သဘာဝဘေးအန္တရာယ်ကဏ္ဍ ၆ ရာခိုင်နှုန်း ၊ နည်းပညာကဏ္ဍ ၂၂ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

**ပုံ (၆ - ၁)**

**ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ညှိနှိုင်းရရှိမှု**




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ပြည်ပ ချေးငွေ ရရှိမှု

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေ (Loan) စီမံချက် ၁၂ ခု အတွက် အမေရိကန်ဒေါ်လာ ၁,၂၂၀.၁၆ သန်း ချေးယူရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

(၁) **ဝန်ကြီးဌာနအလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားငွေရရှိရန် အဆိုပြုနိုင်မှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

**ဇယား (၆-၃)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားငွေရရှိရန် အဆိုပြုနိုင်မှုအခြေအနေ**

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ/ဗဟိုအဖွဲ့အစည်းများ | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၁ | ၂၇၀.၀၀ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂ | ၁၁၅.၆၁ |
| ၃ | လျှပ်စစ်နှင့် စွမ်းအင် | ၁ | ၉.၀၇ |
| ၄ | ကျန်းမာရေးနှင့် အားကစား | ၁ | ၂၅.၄၁ |
| ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၆ | ၇၉၄.၁၂ |
| ၆ | ဆောက်လုပ်ရေး | ၁ | ၅.၉၅ |
| | **စုစုပေါင်း** | **၁၂** | **၁,၂၂၀.၁၆** |

ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၂) **နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားချေးငွေညှိနှိုင်းရရှိမှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဖြင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်း ရရှိမှုအခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၆- ၄)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံအချင်းချင်း ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရန်ညှိနှိုင်းရရှိမှု**

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$ သန်းပေါင်း) |
|---|---|---|---|
| နိုင်ငံအချင်းချင်း | | | |
| ၁ | ဂျာမဏီ | ၁ | ၅.၆၁ |
| ၂ | ဘယ်ဂျီယံ | ၁ | ၁၁၀.၀၀ |
| ၃ | ပြင်သစ် | ၁ | ၂၅.၄၁ |
| ၄ | ဩစတြီးယား | ၁ | ၅.၉၅ |
| ၅ | ဂျပန် | ၅ | ၇၅၃.၁၉ |
| အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ | | | |
| ၆ | ကမ္ဘာ့ဘဏ် | ၃ | ၃၂၀.၀၀ |
| | စုစုပေါင်း | ၁၂ | ၁,၂၂၀.၁၆ |


ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ကဏ္ဍအလိုက် နိုင်ငံခြားချေးငွေရရှိမှု

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံခြားချေးငွေ ညှိနှိုင်းရရှိမှုမှာ လူမှုကာကွယ်ပေးရေးကဏ္ဍ ၂၅ ရာခိုင်နှုန်း၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ ၉ ရာခိုင်နှုန်း၊ ရေရရှိရေးကဏ္ဍ ၈ ရာခိုင်နှုန်း၊ သဘာဝဘေးအန္တရာယ်ကဏ္ဍ ၁၇ ရာခိုင်နှုန်း၊ နည်းပညာကဏ္ဍ ၈ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍ ၁၇ ရာခိုင်နှုန်း၊ ကုန်သွယ်ရေးကဏ္ဍ ၈ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၈ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။

**ပုံ (၆ - ၂)**

**ကဏ္ဍအလိုက် နိုင်ငံခြားချေးငွေညှိနှိုင်းရရှိမှု**




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**နိဂုံး**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ရည်မှန်းထားရှိသည့် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs) များကို အခြေပြု၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမို စီးဝင်လာခြင်း၊ စက်မှုလက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေး ကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန် လာခြင်းတို့ကြောင့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၂၉,၄၁၀.၂ ဘီလီယံဖြစ်ပေါ်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၆.၃ ရာခိုင်နှုန်း ဖြစ်ပေါ် မည်ဟု ခန့်မှန်းရရှိပါသည်။ ပထမ (၆)လပတ်တွင် ရရှိခဲ့သည့် တိုးတက်မှုနှုန်းမှာ ၆.၃ ရာခိုင်နှုန်းဖြစ်သဖြင့် တစ်နှစ်လုံးတိုးတက်ရန် ရည်မှန်းထားသည့် တိုးတက်မှုနှုန်း ၇.၀ ရာခိုင်နှုန်း နီးပါး ရရှိခဲ့ပြီး၊ ကျန်(၆)လတွင် တွန်းအားပေး ဆောင်ရွက်မည် ဆိုပါက မျှော်မှန်းထားသည့် တိုးတက်မှုနှုန်းကို ကျော်လွန်စွာ ရရှိနိုင်သည့် အလားအလာများ ရှိပါကြောင်းတင်ပြအပ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ယာယီ) စာရင်းများအရ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆,၆၂၅.၀ သန်းဖြစ်ပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉,၁၁၄.၈ သန်း ဖြစ်သည့်အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂,၄၈၉.၈ သန်း ဖြစ်ပေါ်ခဲ့ ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်များအနေဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန် ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၁,၆၃၁.၁ သန်း (၂၄.၆ %) ဖြင့် ပထမအများဆုံး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မှ အမေရိကန်ဒေါ်လာ ၁,၆၀၅.၂ သန်း (၂၄.၂ %) ဖြင့် ဒုတိယအများဆုံးနှင့် စက်မှုကုန်ချောပစ္စည်းများမှ အမေရိကန် ဒေါ်လာ ၁,၅၁၄.၂ သန်း (၂၂.၉ %) ဖြင့် တတိယ အများဆုံး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် စုစုပေါင်းသွင်းကုန်တန်ဖိုးတွင် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၃,၅၁၅.၃ သန်း (၃၈.၆%) ဖြင့် ပထမအများဆုံး၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၃,၃၅၇.၃ သန်း (၃၆.၈%) ဖြင့် ဒုတိယ

အများဆုံးနှင့် လူသုံးကုန်ပစ္စည်းများမှ အမေရိကန် ဒေါ်လာ ၂,၂၄၂.၂ သန်း (၂၄.၆%) ဖြင့် တတိယ အများဆုံး ဖြစ်ပါသည်။

ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၇၀ ရာခိုင်နှုန်းသို့ ဆက်တိုက် ကျဆင်းနေခြင်းနှင့် ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းငွေများတိုးမြင့် လာခဲ့သော်လည်း ပို့ကုန်ထက် သွင်းကုန် ပိုမိုများပြီး ကုန်သွယ်မှုလိုငွေမှာ ယခင်နှစ်ထက် နှစ်ဆခန့် ရေရှည်ဖြစ်ပေါ်နေခြင်းကို ပို့ကုန် တိုးမြှင့်တင်ပို့နိုင်အောင်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၂၄ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၉ ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၂၀ ခု အတွက် စုစုပေါင်း အမေရိကန် ဒေါ်လာသန်းပေါင်း ၃,၆၉၆.၄၄၂ ဖြင့် ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဩဂုတ်လအထိ ရင်းနှီးမြှုပ်နှံ ရန် ခွင့်ပြုခဲ့သည့် ပမာဏမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၁,၂၅၃.၇၀၇ ထက် ပိုမို ခဲ့ပါသည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး သာမက ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဓိကကျသည့် လုပ်ငန်းစဉ်များကိုပါ အလေးထား ဆောင်ရွက်ခြင်းအပြင် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့ စီးပွားရေး နိုင်ငံရေးအခြေအနေများကို မျက်ခြေမပြတ် စောင့်ကြည့်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်၊ စီးပွားရေးမူဝါဒများ၊ ဝန်ကြီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ် ဘောင်အတွင်းမှ ချိန်ညှိ၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။